# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၅၈)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်၊ ၂၂–၈–၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေး ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲအခမ်းအနားတက်ရောက်

ရန်ကုန် ဩဂုတ် ၂၁

မော်တော်ယာဉ် စက်ပြင် သင်တန်းအမှတ်စဉ်(၃/၂၀၂၅)နှင့် စားသောက်ဆိုင် ဝန်ဆောင်မှု သင်တန်းအမှတ်စဉ် (၃/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ်ရှိကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။





**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး၊ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေး၊ အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း ခုနစ်ကျောင်းကို တည်ထောင်ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် လုပ်သားများအတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် သင်ကြားပို့ချပေးသည့်စာတွေ့အသိပညာဗဟုသုတများနှင့် လက်တွေ့ကျွမ်းကျင်မှုများကို စနစ်တကျ လေ့လာမှတ်သားကြရန်၊ လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချကြရန်၊ စဉ်ဆက်မပြတ် လေ့လာဆည်းပူး ဆောင်ရွက်ကြရန် မှာကြားပြီး သင်တန်းကျောင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာမွေမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီး(ရန်ကုန်) အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ ယုံကြည်အားထားရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် မှာကြားပြီး ပြင်ပလူနာများအား ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုအားပေးစကား ပြောကြားကာ အတွင်းလူနာကုသပေးသည့်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူနေသည့် အာမခံအလုပ်သမားများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မြောက်ဒဂုံ)၌ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်း ဖွင့်လှစ်ပို့ချနေမှုနှင့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား(OWIC) ထုတ်ပေးနေမှု၊ အထည်ချုပ်သင်တန်းဖွင့်လှစ်ပို့ချနေမှုနှင့် လျှပ်စစ်ကျွမ်းကျင်မှုအဆင့်(၁) အလုပ်အကိုင်အတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းစဉ် ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်္ဃန်းကျွန်းမြို့နယ်ရှိ Center for Vocational Training (CVT) သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းများကို စဉ်ဆက်မပြတ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊ သင်တန်းအရည်အသွေး တိုးတက်မြင့်မားရေးအတွက် သင်တန်းနည်းပြများ ခေတ်နှင့်လျော်ညီသော အတတ်ပညာများ သင်ကြားပို့ချနိုင်ရေး မှာကြားသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


**ပြင်သစ်အာလူးကြော်ကို တစ်ပတ်လျှင် သုံးကြိမ်စားသူများ အမျိုးအစား-၂ ဆီးချိုဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်း ပိုများနိုင်**

စာမျက်နှာ ၇

**ကြီးပွားချမ်းသာ လူ့ဂုဏ်တာ (ဆောင်းပါး)**

စာမျက်နှာ ၁၀

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ သောကြာနေ့။

မန္တလေး

## ရေအရည်အသွေးညစ်ညမ်းမှု ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးတွဲ၍ ရေအရည်အသွေး စီမံခန့်ခွဲရေးနှင့် လေ့လာစောင့်ကြည့်နိုင်ရေးအတွက် နှစ်နိုင်ငံကြား ရေအရည်အသွေးညစ်ညမ်းမှု ကာကွယ်ထိန်းချုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံပူးတွဲ၍ ရေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Hotel ၌ ကျင်းပခဲ့သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံအနေဖြင့် ရေသယံဇာတနှင့် အရည်အသွေးများထိန်းသိမ်းနိုင်ရေးအတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းထားရှိပြီး ရေအရင်းအမြစ်များအား ဦးစားပေးကာကွယ်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်၍ အမျိုးသားမြေပေါ်ရေအရည်အသွေးစံချိန်စံညွှန်းကိုလည်း ၂၀၂၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ရေအရည်အသွေးကို တိုင်းတာစစ်ဆေး၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး Mr. Prasert Jantararuangtong က ထိုင်းနိုင်ငံအနေဖြင့်လည်း ရေအရင်းအမြစ် အရည်အသွေးနှင့်ပတ်သက်၍ အရေးကြီးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေထုညစ်ညမ်းမှု ကာကွယ်ထိန်းသိမ်းရန်အတွက် မူဝါဒများချမှတ်ထားရှိပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ရေရှည်လက်တွဲ၍ ရေထုညစ်ညမ်းမှု ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထိုင်းနိုင်ငံမှ ညစ်ညမ်းမှုထိန်းချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ထိုင်းနိုင်ငံအတွင်းရှိ နမ့်ခုတ်မြစ်ရေ အရည်အသွေးနှင့် ကာကွယ်ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများအား တင်ပြဆွေးနွေးပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မြန်မာနိုင်ငံ၏ ရေအရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှု၊ မြေပေါ်ရေ အရည်အသွေးသတ်မှတ်ချက်များ၊ ကာကွယ်ထိန်းသိမ်းရေးဆောင်ရွက်မှုနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

ရေအရည်အသွေး စီမံခန့်ခွဲမှုအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ ရေအရည်အသွေးဆိုင်ရာ အချက်အလက်များကို ဖလှယ်ခြင်းအပါအဝင် နှစ်နိုင်ငံမှ သက်ဆိုင်ရာဌာနများအချင်းချင်း နည်းပညာဆိုင်ရာဆွေးနွေးမှုများ ဆောင်ရွက်သွားရန်၊ ရေရှည်တည်တံ့သော ရေအရည်အသွေး စီမံခန့်ခွဲခြင်းဆိုင်ရာနယ်ပယ်တွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေး နည်းပညာဆိုင်ရာပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်းသွားရန်နှင့် နည်းပညာအကူအညီ၊ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာမြှင့်တင်ရေး နယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်(၁)၊ ၈၂လမ်းနှင့် ၂၆လမ်းထောင့်နှင့် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်(၂)၊ ၈၃လမ်းနှင့် ၂၄လမ်းထောင့်တို့တွင် ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဩဂုတ် ၂၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၀လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်(၅၀၈)၊ ၈၂လမ်းနှင့် ၈၄လမ်းကြား၊ ဘုရားကြီးတောင်ဘက်မုခ်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ကျင်းပ

**မန္တလေး ဩဂုတ် ၂၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မဟာမြိုင်(၂) ရပ်ကွက်အတွင်းရှိ အများပြည်သူများကို မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် မဟာဝိဇယကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးဝင်းက မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အီလက်ထရောနစ်မဲပေးစက်များ တပ်ဆင်ပုံ၊ မဲပေးချိန်နှင့် မဲရေတွက်ချိန်တို့တွင် ထိန်းချုပ်စက်ကိုင်တွယ်အသုံးပြုပုံနည်းစနစ်များကို ရှင်းလင်းပြသခဲ့ပြီး တက်ရောက်လာသူတစ်ဦးချင်းစီက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ကိုယ်တိုင်စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂) ရပ်ကွက်အတွင်း ပြည်သူ ၄၀၃ ဦးက လက်တွေ့စမ်းသပ်မဲပေးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**(အပေါ်ပုံ)**

**အောင်ဇော်မင်း**

၀-၀-၀-၀-၀

## အမှတ်(၂၇) စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းတွင် ဘောလုံးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၇) စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းတွင် ယမန်နေ့ညနေပိုင်းက ကျောင်းကောင်စီမှ ကြီးမှူး၍ ကျင်းပသော ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပခဲ့သည်။



အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ဘောလုံးအသင်းငါးသင်းဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကာ ဘောလုံးပြိုင်ပွဲကို အောက်တိုဘာလအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အနိုင်ရရှိသည့် ဘောလုံးအသင်းများအား ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**စင်မင်းမောင်**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၆၂ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

**ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ သံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များထုတ်ပြန်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အထွေထွေရွေးကောက်ပွဲ အပိုင်း ( ၁ ) ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၈၂ (က) အရ အောက်ပါနေ့ရက်များကို ထုတ်ပြန်ကြေညာအပ်ပါသည် -

(၁) ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေး အတွက် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက် — ၂၁ . ၈ . ၂၀၂၅
[ပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် သက်ဆိုင်ရာသံရုံး Website များမှလည်း Download ရယူနိုင်ပါသည်]

(၂) ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို သက်ဆိုင်ရာ သံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက် — ၂၁ . ၈ .၂၀၂၅ မှ ၈ . ၉ .၂၀၂၅

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ၊ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်း အသိပေးချက် ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၆၃ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

**ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ၊ စုဝေးဟောပြောခြင်းနှင့်မဲဆွယ်စည်းရုံးခွင့်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်း အသိပေးချက် ထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (က) ပါ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် တစ်ဦးဦးသည် တည်ဆဲပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ခ)အရလည်းကောင်း၊ ပုဒ်မ ၁၇ ပုဒ်မခွဲ (ဂ) ပါ ဒုတိယဝန်ကြီးတစ်ဦးဦးသည် တည်ဆဲပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ)အရ လည်းကောင်း၊ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ (က) အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ကြေညာသည့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် (တနင်္လာနေ့) မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်။

၂။ ထို့အတူ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၊ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တို့သည်လည်း သက်ဆိုင်ရာတည်ဆဲဥပဒေများအရ အပိုင်းလိုက်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ တစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ (က) အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် ( တနင်္လာနေ့ ) မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းများကို လည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်။

၃။ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အတည်ပြုပြီးသည့်နောက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ပေးပါမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဩဂုတ် ၂၁**

ယနေ့နံနက် ၉ နာရီ ၂၈ မိနစ် ၆ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက် ၅၄ မိုင်ခန့်ကွာဝေးသော မြန်မာ့ ပင်လယ်ပြင်(ကွမ်းခြံကုန်းမြို့၏ အရှေ့တောင်ဘက် ၂၈ မိုင်ခန့် အကွာ)မြောက်လတ္တီတွဒ် ၁၆ ဒသမ ၀၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၂ ဒီဂရီ၊ အနက် ၂၈ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့် အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာ ရရှိသည်။

**မိုး/၈လ**

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

## နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်းကိုးကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍



နောင်ချိုမြို့နယ်အတွင်း စုစုပေါင်းအခြေခံပညာကျောင်း ၈၇ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၅၅၇ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၂၂၉ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၂၉ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူ ၁၅ ဦးအား သွေးအမျိုးအစား စစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူ ၁၅ ဦးအား ငှက်ဖျားပိုးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၃၁ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်






## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဩဂုတ် ၂၁**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လူတိုင်း သက်ရှည်ကျန်းမာပြီး ရောဂါဘယကင်းရှင်းရန်အတွက် မွေးစမှ အိုမင်းသည်အထိ အသက်အရွယ်အားလုံး အာဟာရပြည့်ဝမျှတရန်၊ နေ့စဉ်စားသုံးသောအစားအစာများမှာ သန့်ရှင်းပြီး ခန္ဓာကိုယ်အတွက် လိုအပ်သည့် အာဟာရဓာတ်များ အပြည့်အဝရရှိရန် လွန်စွာ အရေးကြီးပါကြောင်း၊ နှစ်စဉ် ဩဂုတ်လ တစ်လလုံးကို အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှု ရက်သတ္တပတ်များ အဖြစ် ဆောင်ရွက်လျက်ရှိရာ ပထမရက်သတ္တပတ်ကို မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယရက်သတ္တပတ်ကို ငါးနှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယရက်သတ္တပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ စတုတ္ထရက်သတ္တပတ်ကို အိုင်အိုးဒင်းချို့တဲ့မှုပပျောက်ရေး ရက်သတ္တပတ်များအဖြစ် ပုံမှန်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အာဟာရပြည့်ဝပြီး ကာယနှင့် ဉာဏဖွံ့ဖြိုးသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်နှင့် ကလေးများ၏ အနာဂတ်ကျန်းမာဖွံ့ဖြိုးသာယာစေရန် အခြေခံကျပြီး အရေးပါသည့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုနှစ်၏ဆောင်ပုဒ်ဖြစ်သည့် ကလေးများ အနာဂတ်လှပဖို့ မိခင်နို့ချိုတိုက်ကျွေးလို့၊ ရင်းနှီးမြှုပ်နှံကြပါစို့နှင့်အညီ မိခင်နို့တိုက်ကျွေးခြင်းမှ အစပြုပြီး အသက်အရွယ်အလိုက် အာဟာရစောင့်ရှောက်ခြင်းလုပ်ငန်းများ ပိုမိုခိုင်မာအောင် အရှိန်အဟုန်မြှင့်တင်ပြီး အားလုံးပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာသူများက ကိုယ်ဝန်ဆောင်ကာလ အာဟာရပြည့်ပြည့်ဝဝစားကြစို့ အသိပညာပေး Video Clip ကို ကြည့်ရှုပြီးနောက် ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေဆေးများ တိုက်ကျွေး၍ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်းနှင့် သန့်ရှင်းလတ်ဆတ်ပြီး အာဟာရပြည့်ဝသော အစားအစာများ ရရှိစားသုံးနိုင်ရန် အစာအုပ်စုစုံအောင် စားသောက်တတ်စေရန်အတွက် ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

## သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာ ToT သင်တန်း ဖွင့်လှစ်

**ညောင်ဦး ဩဂုတ် ၂၁**

သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာ ToT သင်တန်းဖွင့်ပွဲ အခမ်းအနားကို ညောင်ဦးမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ ပန်းမျိုးတစ်ရာခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပပြုလုပ်ခဲ့ရာ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် ခရိုင်ပညာရေးမှူး ဦးကျော်ဝင်းက သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု ဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းများ၏ အခြေအနေများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်တင့်တင့်အောင်က သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာ အခြေခံစံနှုန်း(၄)ချက်နှင့် အညွှန်းကိန်း(၁၇)ချက်တို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြခြင်း၊ ၂၀၂၃ ခုနှစ်တွင် စတုတ္ထအကြိမ် အာဆီယံ ASEAN Eco-School Award ရရှိခဲ့သည့် ကချင်ပြည်နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ မြစ်ကြီးနားမြို့၏ ဆုရ Video Clip အား ပြသသည်။

ဆက်လက်၍ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အခြေခံပညာအထက်တန်းကျောင်း(ညောင်ဦး) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့ခိုင်အား အမှိုက်ပုံး(၄)ပုံးနှင့်အခြေခံပတ်ဝန်းကျင်ဆိုင်ရာ ဘာသာရပ် ဆရာများလက်စွဲ Level I to V, Summary စာအုပ်များ ပေးအပ်ခြင်း၊ ညောင်ဦးခရိုင်၊ ခရိုင်ပညာရေးမှူး၊ ဦးကျော်ဝင်းက အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(ဝါခင်းကြီး)၊ ကျောင်းအုပ်ဆရာကြီး ဦးလှအောင်အား အခြေခံပတ်ဝန်းကျင်ဆိုင်ရာ ဘာသာရပ် ဆရာများလက်စွဲ Level I to V, Summary စာအုပ်များ ပေးအပ်ခြင်း၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်က အခြေခံပညာမူလတန်းလွန်ကျောင်း(အင်ချောင်း)၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သူသူဝင်းအား အခြေခံပတ်ဝန်းကျင်ဆိုင်ရာဘာသာရပ် ဆရာများလက်စွဲ Level I to V, Summary စာအုပ်များ ပေးအပ်ခြင်း၊ ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အခြေခံပညာမူလတန်းလွန်ကျောင်း(စံပြ)ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိဖြူအား အခြေခံပတ်ဝန်းကျင်ဆိုင်ရာ ဘာသာရပ် ဆရာများလက်စွဲ Level I to V, Summary စာအုပ်များ ပေးအပ်ခြင်း၊ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆုမွန်ဦးက "ဇီဝမျိုးစုံမျိုးကွဲများ" နှင့် "စွမ်းအင်" ခေါင်းစဉ်(၂)ခုဖြင့် ပို့ချဆွေးနွေးခြင်း၊ ဒုတိယဦးစီးမှူး၊ ဦးထွန်းထွန်းနိုင်က "ရေ"၊ "လေ" နှင့် "မြေဆီလွှာ" ခေါင်းစဉ်(၃)ခုဖြင့် ပို့ချဆွေးနွေးခြင်း၊ ဒုတိယဦးစီးမှူး ဦးသော်ဇင်ဝင်းက "သစ်တောသစ်ပင်" နှင့် "လူသားနှင့်ပတ်ဝန်းကျင်" ခေါင်းစဉ်(၂)ခုဖြင့် ပို့ချဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၈၁)**

**အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်**

- မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင် ၃၀၊ (၄၈) ကီလိုမီတာ ထက်ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင် ၅၀၊ (၈၀) ကီလိုမီတာထက်ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် စားသုံးသူ မိဘပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဆေးဆိုင်များအား ယမန်နေ့က ကွင်းဆင်းစစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန၊ စစ်ဆေးရေးအရာရှိ ဒေါ်စိမ်းစိမ်းထွေး ဦးဆောင်သော ဈေးကွက်စောင့်ကြည့်စစ်ဆေးရေးအဖွဲ့သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ မြို့ပေါ်ရှိ ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။ ထိုသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် စားသုံးသူ မိဘပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဈေးကွက်အတွင်း ရောင်းချနေသော ကုန်စည်များပေါ်တွင် မြန်မာနိုင်ငံဆေးဝါး မှတ်ပုံတင်အမှတ်မပါရှိသော ဆေးဝါးများ၊ သက်တမ်းလွန် ဆေးဝါးများနှင့် တရားမဝင်ဆေးဝါးများ ရောင်းချမှု မရှိစေရေး၊ ဆရာဝန်ညွှန်ကြားချက်မလိုသော အိမ်သုံးဆေးဝါးများ ဈေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ၊ မရှိ စသည်တို့ကို စစ်ဆေးခဲ့ပြီး စပ်ဆေးအသုံးပြုမှု လျှော့ပါးစေရေး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်မရှိသော အရည်အသွေးနှင့်စံချိန်စံညွှန်းစစ်ဆေးမှု ခံယူထားခြင်းမရှိသည့် အာမခံချက်မရှိသော တရားမဝင်ဆေးဝါးများ ရောင်းချခြင်းမပြုရန် အသိပညာပေးဆွေးနွေးခဲ့ပြီး စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်း၊ တားမြစ်ချက်များအကြောင်းနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း စသည်တို့ကို အသိပညာပေး ဆွေးနွေးခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူကာကွယ်ပေးရေးဥပဒေအရ ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ စားသုံးသူနစ်နာဆုံးရှုံးမှုများအပေါ် တိုင်ကြားလာ၍သော်လည်းကောင်း၊ စားသုံးသူများ ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆရသော ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ သော်လည်းကောင်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်၍ စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၄၆၉)**

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၁

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေး မြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီ ပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို သတင်းထုတ်ပြန်လျက်ရှိရာ ဇွန် ၂၃ ရက်အထိ အခြေအနေကို ဇွန် ၂၅ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယခုအခါ ဇွန် ၂၆ ရက်မှ ဩဂုတ် ၂၀ ရက်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၊ Singapore Lotus Light Charity Society၊ Singapore Buddha Dhamma Mandala Society နှင့် Love and Care Charity Group၊ ထိုင်းနိုင်ငံ ထစ်ဖဒုန်းဖောင် အုန်းသီးကုမ္ပဏီ (THEPPADUNGPORN COCONUT Co.,Ltd.) တို့မှ ထပ်မံပေးပို့လှူဒါန်းလာသော Sleeping Bags၊ စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများကို ဘေးသင့်လူဦးရေ အချိုးအစားအပေါ်မူတည်၍ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သို့ ဖြန့်ခွဲပေးပို့ခဲ့ပြီး ပြည်တွင်း အလှူရှင် Sin Min Global Trading Co.,Ltd. မှ လှူဒါန်းသည့် အမိုးသွပ် ၂၅၅၆ ချပ်နှင့် ခေါင်အုပ်သွပ် ၃၃၃၄ ချပ်တို့ကို မန္တလေးတိုင်းဒေသကြီးအတွင်း ဘာသာရေးအဆောက်အအုံ၊ ဘုန်းကြီးကျောင်းနှင့်

စာမျက်နှာ ၆ သို့ ☆




တရုတ်နိုင်ငံ ကူမင်းမြို့မှ
လှူဒါန်းသည့်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



Singapore Lotus Light Charity Society မှ လှူဒါန်းသည့် ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



တရုတ်နိုင်ငံ ကူမင်းမြို့မှ
လှူဒါန်းသည့်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



Sin Min Global Trading Co.,Ltd. မှ လှူဒါန်းသည့် အမိုးသွပ်များ မန္တလေးတိုင်းဒေသကြီးသို့ ပေးပို့မှု မှတ်တမ်းဓာတ်ပုံ။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။



နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။




Singapore Buddha Dhamma Mandala Society & Love and Care Charity Group မှ လှူဒါန်းသည့်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။



ထိုင်းနိုင်ငံ ထစ်ဖဒုန်းဖောင်အုန်းသီးကုမ္ပဏီမှ
လှူဒါန်းသည့်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

☆ စာမျက်နှာ ၅ မှ

သာသနိကအဆောက်အအုံများ ပြုပြင်နိုင်ရေး မန္တလေးတိုင်းဒေသကြီးသို့ ပေးပို့ခဲ့သည်။

ငလျင်လှုပ်ခတ်ခဲ့သည့် မတ် ၂၈ ရက်မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှု စုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ်အစီး ၇၀၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၃၄ စီး၊ ရှမ်းပြည်နယ်တောင်ပိုင်းသို့ မော်တော်ယာဉ် ၁၄ စီး စုစုပေါင်း မော်တော်ယာဉ် ၁၁၈ စီးဖြင့် စုစုပေါင်း တန်ချိန် ၂၄၃၆ တန်ခန့်ဖြစ်သည်။

နိုင်ငံတကာအလှူရှင်များက ဇွန် ၂၆ ရက်မှ ဩဂုတ် ၂၀ ရက်အတွင်း လှူဒါန်းခဲ့သည့် ပစ္စည်းများကို ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့ဆောင်ရွက်ခဲ့မှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ပြည်တွင်း/ပြည်ပမှ ပစ္စည်းများ ထပ်မံလှူဒါန်းသည့်အချိန်တွင် ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိ ဖြန့်ခွဲမှုတို့ကို အလျဉ်းသင့်သလို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ရှမ်းပြည်နယ်အတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။



### ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ် (၁၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစား မျိုးစုံ | လုံး | ၁၅၃၁၉ | ၁၇၃၆ | ၁၄၀၁ | ၁၇၃၂ | ၂၉၈ | ၅၀၇၆ | ၅၀၇၆ | |
| ၂ | တာပေါ်လင်/ မိုးကာစမျိုးစုံ | လိပ် | ၇၇၅ | ၁၀ | ၄၁၅ | - | - | ၁၅၀ | ၂၀၀ | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၁၉၆၃ | ၄ | ၂၅ | ၁၄၉၇ | - | ၄၃၇ | - | |
| | | စ | ၇၉၉၅ | - | - | - | - | ၁၂၄၀ | ၆၇၅၅ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၄၂၈ | ၃၀ | ၁၅၆ | ၁၂ | | ၁၀၃၁ | ၁၁၉၉ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၆၅ | ၃၇ | ၁၀၀ | ၂၄ | ၃ | ၁ | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | ၁၈ | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၉၇ | ၁၉၃ | ၂၆၇ | ၁၆ | ၂၁ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | ၁၁၂ | ၃၁ | ၅၂ | ၂၁ | ၈ | - | - | |
| | | ဖာ | ၂၃၈၃၉ | ၁၁၉၅၇ | ၉၅၉၈ | ၁၅၆၁ | ၆၃၇ | ၈၆ | - | |
| | | အိတ် | ၃၃၅ | ၁၃၁ | ၁၇၈ | ၁၂ | ၁၄ | - | - | |
| | | ကဒ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| | | ထုပ် | ၉၂ | ၄၂ | ၄၁ | ၄ | ၅ | | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၉၀ | ၂၆ | ၃၇ | ၈ | ၁၀ | ၉ | - | |
| | | ဖာ | ၅၅၅၇ | ၁၅၄၃ | ၂၈၁၆ | ၁၀၀၆ | ၁၅၉ | ၃၃ | - | |
| | | ထုပ် | ၂၄၄၃ | ၉၉၁ | ၁၂၅၅ | ၁၀၅ | ၉၂ | - | - | |
| | | ခု | ၁၇၆၃ | ၇၉၁ | ၈၁၇ | ၇၁ | ၈၄ | - | - | |
| | | ထည် | ၁၀၇၃ | ၄၉၃ | ၄၈၀ | ၄၅ | ၅၅ | | - | |
| | | စည်း | ၂၇ | ၁၂ | ၁၁ | ၂ | ၂ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၇ | ၄ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၂၂၈ | ၉၇ | ၉၇ | ၁၆ | ၁၆ | ၂ | - | |
| | | စုံ | ၂၁၀၈ | ၂၀၄၉ | ၄၇ | ၅ | ၇ | - | - | |
| | | လုံး | ၂၃ | ၁၀ | ၉ | ၂ | ၂ | - | - | |
| | | ထုပ် | ၈၁ | ၃၇ | ၃၆ | ၃ | ၅ | | | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | ခု | ၇၁ | ၃၁ | ၃၀ | ၅ | ၅ | - | - | |
| | | ဖာ | ၇၉၉ | ၃၄၁ | ၃၇၂ | ၄၂ | ၄၄ | - | - | |
| ၁၂ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | မျိုး | ၆၆၆ | ၁ | ၈ | - | ၂ | ၆၅၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၉၆၆ | ၂၆ | - | - | - | ၁၉၄၀ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |
| | | ဖာ | ၇ | - | - | - | - | ၇ | - | |

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၂၆-၆-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ခု | ၉၉ | ၄၆ | ၄၄ | ၄ | ၅ | - | - | |
| | | စည်း | ၂၀ | ၉ | ၉ | ၁ | ၁ | - | - | |
| ၂ | အိမ်သုံးပစ္စည်းများ | ထုပ် | ၈၁ | ၃၇ | ၃၆ | ၃ | ၅ | - | - | |
| ၃ | လျှပ်စစ်ပစ္စည်းမျိုးစုံ | ဖာ | ၄၆၆ | ၂၀၈ | ၁၉၄ | ၂၉ | ၃၅ | - | - | |
| | | ခု | ၆၄ | ၂၉ | ၂၇ | ၄ | ၄ | - | - | |

### ထိုင်းနိုင်ငံ ထစ်ဖဒုန်းဖောင်အုန်းသီးကုမ္ပဏီမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၂၆-၆-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၃၀၀၀ | ၁၃၈၀ | ၁၃၅၀ | ၁၂၀ | ၁၅၀ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ထည် | ၁၀၀၀ | ၄၆၀ | ၄၅၀ | ၄၀ | ၅၀ | - | - | |

### Singapore Buddha Dhamma Mandala Society နှင့် Love and Care Charity Group မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၂၆-၆-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | လူသုံးကုန်ပစ္စည်း | ဖာ | ၁ | - | - | - | ၁ | - | - | |
| ၂ | ဆေးနှင့်ဆေးပစ္စည်း | ဖာ | ၁ | ၁ | - | - | - | - | - | |

### Singapore Lotus Light Charity Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၂၆-၆-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | Sleeping Bags | ထုပ် | ၁ | ၁ | - | - | - | - | - | |
| ၂ | စားသောက်ကုန်ပစ္စည်း | ဖာ | ၁၀ | ၄ | ၄ | ၁ | ၁ | - | - | |
| ၃ | လူသုံးကုန်ပစ္စည်း | ဖာ | ၇ | ၃ | ၂ | ၁ | ၁ | - | - | |

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## The Social Network 2 တွင် Facebook လွှမ်းမိုးမှုအကြောင်း ရိုက်ကူးထား




အနုပညာရှင် ဂျေစီအီဆန်ဘတ် ပါဝင်ထားသည့် The Social Network ဇာတ်ကား ၂၀၁၀ ပြည့်နှစ်တွင် ထွက်ရှိခဲ့ပြီး အော်စကာရှစ်ဆုအတွက် ဆန်ခါတင်၍ သုံးဆုရရှိခဲ့ကာ အကောင်းဆုံး ဇာတ်ညွှန်းဆုလည်း ရရှိခဲ့ပြီး အပိုင်း(၂)ကို Facebook လွှမ်းမိုးမှုအကြောင်း ရိုက်ကူးထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်အပိုင်း(၂)ကို မူရင်းဇာတ်ညွှန်းရေးသူ အာရွန်ဆောကင်က ဒါရိုက်တာလုပ်၍ ယခင်သရုပ်ဆောင် ဂျေစီအီဆန်ဘတ်၊ အန်ဒရူးဂါဖီ၊ ဂျက်စတင်တင်ဘာလိပ်တို့အနက် ဂျေစီအီဆန်ဘတ် ပါဝင်မှု ရှိ၊ မရှိကို ပရိသတ်စိတ်ဝင်စားနေကြသည်။

ယခု ဇာတ်ကားမှာ အပိုင်း(၁)၏ အဆက်မဟုတ်ဘဲ ၂၀၂၁ ခုနှစ် Street Journal မှ ထုတ်ထားသည့် The Facebook File ဆောင်းပါးကို အခြေခံ၍ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနောက်ဆက်တွဲ Facebook ၏ လွှမ်းမိုးမှုအကြောင်းရင်းကို ကျယ်ပြန့်စွာ ရိုက်ကူးမည်ဟု Deadline က ဖော်ပြထားသည်။ (SKY)

## BTS အဖွဲ့တွင် Kim Taehyung သည် ချမ်းသာဆုံးအဖွဲ့ဝင်ဖြစ်



ကမ္ဘာကျော် K Pop အဖွဲ့တွင် အဖွဲ့ဝင်ခုနစ်ဦးရှိပြီး အချမ်းသာဆုံး အဖွဲ့ဝင်မှာ ဒေါ်လာ ၄၁ သန်းကျော်နှင့် V (ခေါ်) Kim Taehyung ဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကြိုက်နှစ်သက်သူ Follower အများဆုံးနှင့် Instagram Account မှ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၄၁ သန်းကျော် ပိုင်ဆိုင်ထားပြီး နူးညံ့သောအသံ၏ ဆွဲဆောင်မှုနှင့် တစ်ကိုယ်တော် Album Layover မှာ Billboard 200 တွင် နံပါတ်(၂) ချိတ်ခဲ့သည်။

ထိပ်တန်းကုန်အမှတ်တံဆိပ် Cartier, Celine တို့၏ ကမ္ဘာလုံးဆိုင်ရာ သံတမန်နှင့် K Pop အောင်မြင်မှုထက် ကျော်လွန်ခဲ့ကာ BTS အဖွဲ့၏ အချမ်းသာဆုံး အဖွဲ့ဝင်အဖြစ် @Seoul.South-Korea မှ ဖော်ပြခြင်းခံရသည်။

လက်ရှိ ဂျပန်နိုင်ငံရှိ လူကြိုက်အများဆုံးအဆင့်အားလုံးကို သိမ်းပိုက်ထားကာ ဂျပန် Media များပင် ဩဇာလွှမ်းမိုးမှုခံခဲ့ရပြီး ယဉ်ကျေးမှုတစ်ခုအဖြစ် သက်သေပြနိုင်ခဲ့သည်။ (SKY)



## ပြင်သစ်အာလူးကြော်ကို တစ်ပတ်လျှင် သုံးကြိမ်စားသူများ အမျိုးအစား-၂ ဆီးချိုဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်းပိုများနိုင်



ပြင်သစ်အာလူးကြော်ကို တစ်ပတ်လျှင် သုံးကြိမ်စားသူများသည် အမျိုးအစား-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်းပိုများနိုင်ကြောင်း ဩဂုတ် ၆ ရက်ထုတ် ဘီအမ်ဂျေဂျာနယ်တွင် ဖော်ပြသည်။

တစ်ပတ်လျှင် အာလူးကြော်ကဲ့သို့ ပမာဏတူ အာလူးကို အခြားနည်းများဖြင့် (ပြုတ်ခြင်း၊ ဖုတ်ခြင်း(သို့မဟုတ်) ကြိတ်ချေခြင်း) စားသုံးမှုသည် ရောဂါဖြစ်နိုင်ခြေကို သိသိသာသာ တိုးမလာကြောင်း တွေ့ရသည်။

အာလူးတွင် အမျှင်ဓာတ်၊ ဗီတာမင်စီနှင့် မဂ္ဂနီဆီယမ်တို့ကဲ့သို့ အကျိုးပြုအာဟာရဓာတ်များ ပါဝင်သော်လည်း ကစီဓာတ်လည်း မြင့်မားစွာပါဝင်လျက်ရှိရာ မည်သည့်အာလူးအမျိုးအစားကိုမဆို ဂျုံ၊ ဆန်ကဲ့သို့ အစေ့အဆန်များဖြင့် အစားထိုးပါက အမျိုးအစား-၂ ဆီးချိုရောဂါ ဖြစ်နိုင်ခြေနည်းပါးပြီး အဖြူရောင်ဆန်ဖြင့် အစားထိုးပါက ရောဂါဖြစ်နိုင်ခြေပိုများမည်ဟု ဆိုသည်။

ထိုသုတေသနတွင် ၁၉၈၄ ခုနှစ်မှ ၂၀၂၁ ခုနှစ်အကြား ပြုလုပ်ခဲ့သည့် လေ့လာမှုကြီးသုံးခုတွင် ပါဝင်ခဲ့သော အမေရိကန်ကျန်းမာရေးပညာရှင် ၂၀၅,၀၀၀ ကျော်၏ အချက်အလက်များကို ရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Squid Game 3 တွင် လူကြိုက်များသော ကြိုးခုန်ဇာတ်ဝင်ခန်းများ ထွက်ရှိလာ

တောင်ကိုရီးယား ဒရာမာဇာတ်လမ်း Squid Game 3 တွင် လူကြိုက်များ အားပေးမှုမြင့်မားသော ဇာတ်ဝင်ခန်းများ ထွက်ရှိလာရာ ကြိုးခုန်ဂိမ်းလည်း ပါဝင်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အပိုင်း(၃)တွင် ပရိသတ် လူကြိုက်များ အားပေးမှု ရရှိထားသည့် အခန်းများတွင် သည်းထိတ်ရင်ဖို ကြိုးခုန်ဂိမ်း၊ စက်ဝိုင်း၊ တြိဂံနှင့် စတုရန်း သင်္ကေတတို့ လှုပ်ရှားမှု၊ ဖန်တံတား ဖြတ်သန်းမှုတို့ ပါဝင်ခဲ့သည်။

ထိပ်ဆုံးအပိုင်းတွင် ပရိသတ်များ မြင့်မားစွာ အားပေးထားကြရာ Lurker, Red Light Green Light ကစားသမား 222 နှင့် Fun Contest တို့ ပါဝင်ခဲ့ကြပြီး နောက်ဆုံးဇာတ်သိမ်းပိုင်းတွင် ကစားသမား 456 ၏ ပဟေဠိနှင့် ပရိသတ်အားပေးမှု မြင့်မားစွာ ရရှိထားသည်။ အပိုင်း(၄) အတွက် ချန်ရစ်ထားခဲ့သည့် ဒါရိုက်တာ၏ လက်စွမ်းပြချက်ကို ပရိသတ် စောင့်မျှော်နေခဲ့ကြသည်။ (SKY)




## Revenged Love သရုပ်ဆောင်များ၏ နောက်ကွယ်မှ အကြောင်းအရာများ ထွက်ပေါ်လာ

တရုတ်ဇာတ်လမ်းတွဲ Revenged Love သည် ပရိသတ်ကြား အောင်မြင်မှုရရှိပြီးနောက် သရုပ်ဆောင်များ၏နောက်ကွယ်မှ အကြောင်းအရာများ ထွက်ပေါ်လာကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် Tian Xu Ning နှင့် Ziyu တို့ပါဝင်ထားကြပြီး Tian Xu Ning ဇာတ်ကောင်နေရာတွင် အသံသရုပ်ဆောင် ဆာမူဝမ်က ပံ့ဖော်ပေးထားကာ Ziyu က သူ့ဇာတ်ကောင်အတွက် ကိုယ်ပိုင်အသံကို အသုံးပြုထားသည်။

ယင်းဇာတ်ကားတွင် သရုပ်ဆောင်နှစ်ဦးမှာ ပရိသတ်များ အာရုံစိုက်ခံခဲ့ရပြီး အစွန်းရောက်ပရိသတ်များ၏ ပစ်မှတ်ဖြစ်ခဲ့ရကာ Ziyu ၏ (၂၃)နှစ်ပြည့် မွေးနေ့ တိုက်ရိုက်ထုတ်လုပ်မှုတွင် ကြည့်ရှုသူ သန်း ၅၀နှင့် ထိပ်ဆုံးစာရင်းဝင်ခဲ့ပြီး Ziyu က နာမည်ကြီးသည့် အဓိပ္ပာယ်ကို နားမလည်သော်လည်း စိတ်ဝင်စားခံရ၍ ကောင်းကြောင်း၊ အိပ်မက်တစ်ခုဖြစ်အောင်လုပ်ဆောင်ပေးလိုပြီး နိုးထလာခဲ့လျှင်ပင် နောင်တမရကြောင်း ပြောကြားထားသည်။ (SKY)

## PSY က ဆိုယွမ်၏ ကမ်းလှမ်းမှုကို လက်ခံခဲ့





ကမ္ဘာကျော်အနုပညာရှင်တစ်ဦးဖြစ်ခဲ့သည့် ဂန်နမ်းစတိုင်လ်သီချင်းပိုင်ရှင် PSY က ကိုယ်ပိုင်ကုမ္ပဏီထောင်ထားကာ ဆိုယွမ်၏ ကမ်းလှမ်းမှုကို သုံးနှစ်ကြာမှ လက်ခံခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

PSY ၏ သီချင်းများ ကမ္ဘာကျော်ဖြစ်ခဲ့သော်လည်း ကိုရီးယားအနုပညာလောကမှ တစ်သက်တာ ပိတ်ပင်ခံခဲ့ရကာ ကိုယ်ပိုင်ကုမ္ပဏီတည်ထောင်၍ အနုပညာရှင်များ မွေးထုတ်ပေးခဲ့ရာမှ ဆိုယွမ်က ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

PSY က သုံးနှစ်ကြာမှ ဆိုယွမ်နှင့် လက်တွဲရန်အတွက် ‘တစ်ခေါက်လောက်ကလေးတွေကိုလာကြည့်ပါ’ဟု ဖိတ်ခေါ်ခဲ့ရာ သုံးနှစ်ကြာခဲ့သော်လည်း ဆိုယွမ်က တာဝန်ယူရန် ဆုံးဖြတ်ခဲ့သည်။ (SKY)

## Kang Haneul ၏ အက်ရှင်ဇာတ်ကြမ်းကား ထွက်ရှိ

သရုပ်ဆောင် ကန်ဟာနူးကို Squid Game တွင် အူကြောင်ကြောင် သရုပ်ဆောင်မှုကြောင့် ပရိသတ်ဝေဖန်ခံခဲ့ရသော်လည်း သူ၏ အက်ရှင်ဇာတ်ကြမ်းကား Yadang:The Snitch ထွက်ရှိထား၍ ပရိသတ်ကျေနပ်နေကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် အပြစ်မရှိဘဲ ချောက်ချမှုကြောင့် ဆေးမှုနှင့် ထောင်ကျခဲ့ပြီး အပေးအယူတစ်ခုနှင့် အမှုစစ်ဖြစ်ချင်သူအတွက် သတင်းပေးလုပ်ပေးခဲ့ရာမှ မူးယစ်ဆေးမှု စုံစမ်းနေသည့် အမှုစစ်နှင့်တွေ့ခဲ့ကာ ကိုယ်ကျိုးစီးပွားအတွက် သုံးဦး အပြန်အလှန်ဆက်နွှယ်မှုကို ရိုက်ကူးထားသည်။

ပရိသတ်အားပေးမှု IMDb 7.0 ရရှိထားသည့် ကန်ဟာနူး၏ ဇာတ်ရုပ်ကို ပရိသတ် ကျေနပ်နေကြသည်။ (SCI)



# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့က နိုင်ငံတကာရာဇဝတ်ခုံရုံးမှ နောက်ထပ်အရာရှိလေးဦးအား ပိတ်ဆို့အရေးယူ

**ဝါရှင်တန် ဩဂုတ် ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့က သည်ဟိတ်မြို့ရှိ နိုင်ငံတကာ ရာဇဝတ်ခုံရုံးမှ နောက်ထပ်အရာရှိလေးဦးအား ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ကြောင်း ကြေညာသည်။

အဆိုပါ တရားသူကြီးနှစ်ဦးနှင့် အစိုးရရှေ့နေ နှစ်ဦးတို့၏ အမေရိကန်ပြည်ထောင်စုတွင်ရှိသော ၎င်းတို့၏ ပိုင်ဆိုင်မှုများကို သိမ်းယူခြင်းအပါအဝင် ပိတ်ဆို့အရေးယူမှုများ ပြုလုပ်မည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဌာနက ယမန်နေ့တွင် ပြောကြားသည်။

ပြီးခဲ့သည့်နိုဝင်ဘာလတွင် နိုင်ငံတကာ ရာဇဝတ်ခုံရုံးက ဂါဇာကမ်းမြောင်အရေးနှင့်ပတ်သက်ပြီး အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ယိုဗ်ဂေါလန့်တို့ကို ဖမ်းဝရမ်းထုတ်ခဲ့သည်။

ယင်းသို့ ဖမ်းဝရမ်းထုတ်ခြင်းကြောင့် အထက်ပါအရာရှိလေးဦးအနက် သုံးဦးအား ယခုကဲ့သို့ အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဒဏ်ခတ်အရေးယူ**

အလားတူ အာဖဂန်နစ္စတန်ရှိ အမေရိကန်ဝန်ထမ်းများအား နိုင်ငံတကာ ရာဇဝတ်ခုံရုံးက စုံစမ်းစစ်ဆေးရန် ခွင့်ပြုခဲ့သည့်အတွက် ကျန်တစ်ဦးကို ဒဏ်ခတ်အရေးယူခြင်းဖြစ်သည်။

နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ လုပ်ရပ်များသည် အမေရိကန်နှင့် အစ္စရေးနှစ်နိုင်ငံတို့အပေါ် အမျိုးသားလုံခြုံရေးခြိမ်းခြောက်မှုဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက ဝေဖန်ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ဖေဖော်ဝါရီလတွင် သမ္မတ ဒေါ်နယ်ထရမ့်က နိုင်ငံတကာရာဇဝတ်ခုံရုံးကို ပိတ်ဆို့အရေးယူရန်ခွင့်ပြုသည့် အမိန့်စာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

နိုင်ငံတကာရာဇဝတ်ခုံရုံးတွင် ဂျပန်နှင့် ပါလက်စတိုင်းတို့အပါအဝင် အဖွဲ့ဝင် ၁၂၅ နိုင်ငံရှိသော်လည်း အမေရိကန်နှင့် အစ္စရေးတို့က အဖွဲ့ဝင်နိုင်ငံများ မဟုတ်ပေ။ ဂျပန်တရားသူကြီး အန်ကာနီတိုမိုကိုသည် ရာဇဝတ်ခုံရုံး၏ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

ဘာသာပြန် – အောင်ကျော်ကျော်




# ယန်ဇီမြစ်ထဲရှိ လင်းပိုင်များကို ကယ်တင်နိုင်ရန်အတွက် သက်ဆိုင်ရာက ငါးဖမ်းခြင်းကို လုံးဝပိတ်ပင်ထားသည်ဟု ဆို



**ပေကျင်း ဩဂုတ် ၂၁**

တရုတ်သိပ္ပံပညာရှင်များသည် ယန်ဇီမြစ်တွင် ကျန်ရှိနေသည့် နောက်ဆုံးသော ရှားပါးတိရစ္ဆာန်မျိုးစိတ်ကြီးများထဲမှ တစ်မျိုးကို ကယ်တင်ရန် ကြိုးပမ်းနေကြရာ ထိုဒေသတွင် ငါးဖမ်းခြင်းကို လုံးဝပိတ်ပင်ထားခြင်းကလည်း ၎င်းတို့အတွက် အထောက်အကူ ဖြစ်စေနိုင်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဝူဟန်ရှိ ရေဇီဝဗေဒအဖွဲ့အစည်းတွင် ယန်ဇီမြစ်ကမ်းနားမှ ၅ ကီလိုမီတာ (၃ ဒသမ ၁ မိုင်)အကွာတွင် မျိုးသုဉ်းသွားပြီဖြစ်သော ဘိုင်ကျီမြစ်လင်းပိုင်နှင့် လှေကားငါးတို့၏ ခန္ဓာကိုယ်များကို မှန်နောက်တွင် တိတ်ဆိတ်စွာထိန်းသိမ်းထားရှိသည်။

"အဲဒီမျိုးစိတ်တွေ မျိုးသုဉ်းသွားပြီဖြစ်လို့ ကျွန်တော်တို့ဟာ ယန်ဇီမြစ်လင်းပိုင်တွေကို ကယ်တင်တော့မှာပါ"ဟု ပါမောက္ခ ဝမ်ရှီက ရှင်းလင်းပြောကြားသည်။

နောက်ဆုံးလူသိများသည့် ဘိုင်ကျီလင်းပိုင်သည် သုတေသီများက ၂၂နှစ်ကြာ စောင့်ရှောက်ခဲ့ပြီးနောက် ၂၀၀၂ ခုနှစ်တွင် သေဆုံးခဲ့သည်။ တစ်နှစ်အကြာတွင် ၃ မီတာကျော်အထိ ကြီးထွားနိုင်သည့် ရေယက်ပါသော ငါးမျိုးဖြစ်သည့် နောက်ဆုံးလှေကားငါးကို တံငါသည်များက မတော်တဆ ဖမ်းမိခဲ့ပြီး ရေဒီယိုအမှတ်အသားတပ်ဆင်ကာ ပြန်လွှတ်ပေးခဲ့သော်လည်း ပျောက်ဆုံးသွားခဲ့သည်။

ယခုအခါ လက်ရှိခန့်မှန်းချက်များအရ သဘာဝအတိုင်း အကောင်ရေ ၁၂၀၀ သာ ကျန်ရှိနေသည့် ယန်ဇီမြစ်လင်းပိုင်မျိုးစိတ်ကို ယင်းကဲ့သို့ ကံကြမ္မာမျိုး မကြုံရစေရန် ရည်မှန်းထားကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ



# စပိန်နိုင်ငံ၌ သစ်တောမြေနေရာများစွာကို တောမီးများကဝါးမျိုခဲ့ လေပြင်းများကြောင့် တောမီးထိန်းချုပ်ရေး အဟန့်အတားဖြစ်စေခဲ့

**မက်ဒရစ် ဩဂုတ် ၂၁**

အပူချိန်လျော့ကျလာသော်လည်း စပိန်နိုင်ငံ၌ သစ်တောမြေနေရာများစွာကို တောမီးများက ဝါးမျိုခဲ့ပြီးဖြစ်ရာ ဩဂုတ် ၂၀ ရက်က လေပြင်းများတိုက်ခတ်မှုကြောင့် တောမီးထိန်းချုပ်ရေး ကြိုးပမ်းမှုများကို အဟန့်အတား ဖြစ်စေခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

တပ်မတော်သားများနှင့် ရေယာဉ်များ၏ အကူအညီဖြင့် မီးသတ်တပ်ဖွဲ့ဝင်များသည် အနီးအနားရှိ ရပ်ရွာများအတွက် တိုက်ရိုက်ခြိမ်းခြောက်မှုဖြစ်စေသည့် "လုပ်ငန်းလည်ပတ်မှုအဆင့်နှစ်" ဟု သတ်မှတ်ထားသော နိုင်ငံအနောက်ပိုင်းရှိ မီးလောင်မှု ၂၁ ခုကို ငြိမ်းသတ်နေရသည်ဟု အရေးပေါ်ဝန်ဆောင်မှုဌာနမှ ညွှန်ကြားရေးမှူး ဗာဂျီးနီးယား ဘာကိုနက်စ်က ထုတ်ဖော်ပြောကြားသည်။

"အပူချိန်ကျဆင်းသွားပေမယ့် လေပြင်းတွေက မီးငြိမ်းသတ်ရေး ကြိုးပမ်းမှုတွေကို ဆက်လက်ဟန့်တားနေပါတယ်၊ မိုးမရွာတာကလည်း အထောက်အကူမဖြစ်ပေမယ့် လာမယ့်ရက်တွေမှာ တော့ပြောင်းလဲလာမယ်လို့ မျှော်လင့်ပါတယ်"ဟု ၎င်းက သတင်း စာရှင်းလင်းပွဲတွင် ပြောကြား သည်။

ရာသီဥတုခန့်မှန်းသူများက ထိုနေ့နောက်ပိုင်းတွင် လေပြင်းများ တိုက်ခတ်မှု လျော့ကျသွားမည်ဟု ခန့်မှန်းထားပြီး စိုထိုင်းဆ မြင့်တက်လာပါက ကြိုးပမ်းအားထုတ်မှုများကို အထောက်အကူဖြစ်စေနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Mon**

# ခရီးသွားဦးရေများလာခြင်းနှင့် သုတေသနချဲ့ထွင်လာခြင်းတို့ကြောင့် အန္တာတိကတိုက်ပိုမိုညစ်ညမ်းလာသည်ဟု သိပ္ပံပညာရှင်များ သတိပေး

**ဝါရှင်တန် ဩဂုတ် ၂၁**

ခရီးသွားဦးရေ များပြားလာခြင်းနှင့် သုတေသနစီမံကိန်းများ ချဲ့ထွင်လာခြင်းတို့ကြောင့် ကမ္ဘာ့အသန့်ရှင်းဆုံး ပတ်ဝန်းကျင်များထဲမှ တစ်ခုဖြစ်ပြီး လူသားများ ကြောင့်ဖြစ်သော ရာသီဥတုပြောင်းလဲမှု၏ ခြိမ်းခြောက်မှုကို ခံနေရသည့် အန္တာတိကတိုက်သည် ပိုမိုညစ်ညမ်းလာလျက်ရှိသည်ဟု သိပ္ပံပညာရှင်များက ဩဂုတ် ၂၀ ရက်တွင် သတိပေးလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

လူသားများ လှုပ်ရှားသွားလာခဲ့သည့် အန္တာတိကဒေသများတွင် လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကထက် အဆ ၁၀ ဆ ပိုမိုမြင့်မားသည့် သတ္တုစပ်ပါဝင်သော အမှုန့်အမွှားများ၏ ပြင်းအားကို တွေ့ရှိရသည်ဟု နိုင်ငံတကာ သုတေသနအဖွဲ့က လေ့လာမှုအသစ်တစ်ခုတွင် တင်ပြထားသည်။

အန္တာတိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်း၏ အဆိုအရ ပြီးခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း အဖြူရောင်တိုက်ကြီးသို့ နှစ်စဉ်လာရောက်လည်ပတ်သည့် ခရီးသွားဦးရေမှာ ၂၀၀၀၀ မှ ၁၂၀၀၀၀ သို့ တိုးလာသည်နှင့် အမျှထိုပြောင်းလဲမှု ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Mon**





# ပါကစ္စတန်နိုင်ငံ၏ ဘဏ္ဍာရေးမြို့တော် ကရာချိတွင် ရေကြီးရေလျှံမှုများအပြီး ရုံးပိတ်ရက်သတ်မှတ်ကြေညာ

**အစ္စလာမ္မာဘတ် ဩဂုတ် ၂၁**

နှစ်စဉ်ကျရောက်လေ့ရှိသည့် မုတ်သုံရာသီစတင်ဝင်ရောက်မှုကြောင့် မကြာသေးမီက အနည်းဆုံး လူခုနစ်ဦး သေဆုံးစေခဲ့သည့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံ၏ဘဏ္ဍာရေးမြို့တော် ကရာချိတွင် ဩဂုတ် ၂၀ ရက်၌ ရုံးပိတ်ရက်အဖြစ် ကြေညာခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ပါကစ္စတန်တစ်ဝန်းလုံးသို့ မုတ်သုံရာသီသို့ ရောက်ရှိလာရာ အနောက်မြောက်ပိုင်း တောင်တန်းဒေသတွင် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၃၇၇ ဦးအထိမြင့်တက်ခဲ့သည်။

ကရာချိမြို့တွင် ယမန်နေ့ကတည်းက မိုးများစတင်ရွာသွန်းခဲ့ပြီးနောက် တောင်ပိုင်းဆိပ်ကမ်းမြို့တွင် အနည်းဆုံး လူခုနစ်ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလ်ဝါဟစ် ဟာလာပိုတိုက အတည်ပြုသည်။

လူဦးရေ သန်း ၂၀ ကျော်ရှိသည့် ပါကစ္စတန်၏ အကြီးဆုံးမြို့ဖြစ်သော မြို့၏အချို့နေရာများတွင် နှစ်ပေါင်းများစွာအတွင်း မကြုံဖူးသော မိုးရေချိန်သို့ ရောက်ရှိခဲ့သည်။

ရေနစ်မှုများ၊ ယာဉ်မတော်တဆမှုများ၊ အဆောက်အအုံပြိုကျမှုများနှင့် လျှပ်စစ်ဓာတ်လိုက်မှုများကြောင့် လူအများစုသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၃၈ ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့်ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၃၀၊ ကင်ညာနိုင်ငံသား လေးဦး၊ အိန္ဒိယနိုင်ငံသား နှစ်ဦး၊ ကင်မရွန်းနိုင်ငံသား တစ်ဦးနှင့် အီသီယိုးပီးယားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၃၈ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။



ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၆၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

# ကလေးအလုပ်သမားခိုင်းစေမှု လျှော့နည်းပပျောက်ရေး အသိပညာပေးဆွေးနွေး

ပွင့်ဖြူ ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ကလေးအလုပ်သမားခိုင်းစေမှုလျှော့နည်းပပျောက်ရေး အသိပညာပေး(Talk Show) ဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က အသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပွင့်ဖြူမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက ကလေးအလုပ်သမားစေခိုင်းမှု လျှော့နည်းပပျောက်ရေးအကြောင်း အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတများ တိုးပွားစေရန်အတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ယခုကဲ့သို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝဘေးကြိုတင်ကာကွယ်ရေး အစရှိသည့် သိမှတ်ဖွယ်ရာ အသိပညာပေးဆွေးနွေးပွဲများကို လစဉ်ကျင်းပလျက်ရှိသည့်အပြင် ပြည်သူများ အားလပ်ချိန်တွင် စာအုပ်၊ စာစောင်များ ငှားရမ်းဖတ်ရှုလေ့လာနိုင်ရန် ပြည်သူ့ဝန်ဆောင်မှု စာအုပ်ငှားလုပ်ငန်းများကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

(၄၄၅)

၀-၀-၀-၀-၀

# သာစည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် ဩဂုတ် ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီက သာစည်မြို့နယ်၊ ပြည်ညောင်ကျေးရွာ၊ မိတ္ထီလာ-တောင်ကြီးသွား ကားလမ်းဘေးရှိ အသုပ်ဆိုင်အတွင်း ဝင်ရောက်ရှာဖွေရာ ကြည်လွင်၊ မမေစန်း(ခ)မငယ်၊ မဆန်းမြ(ခ)ဝတုတ်နှင့် ဘိုလှတို့အား စိတ်ကြွရူးသွပ်ဆေးပြား ၂၀,၀၀၀ ၊ လက်ကိုင်ဖုန်းနှစ်လုံးတို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကြည်လွင်(၃၉)နှစ်၊ မမေစန်း(ခ)မငယ်(၃၅)နှစ်၊ မဆန်းမြ(ခ)ဝတုတ် (၅၆)နှစ်နှင့် ဘိုလှ(၂၅)နှစ်တို့အား ယင်းမာပင်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ပုသိမ်ကြီးမြို့နယ်၊ ထုံးဘိုကျေးရွာတွင် တက်ဘလက်အားသွင်းရာမှ အပူလွန်ပြီး မီးလောင်မှုဖြစ်ပွား

ပုသိမ်ကြီး ဩဂုတ် ၂၁

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ထုံးဘိုကျေးရွာ ထုံးဘို-မြစ်ငယ်ကားလမ်းဘေးရှိ သွပ်မိုးထရံကာ တစ်ထပ်နေအိမ်တွင် တက်ဘလက်အားသွင်းရာမှ အပူလွန်ပြီး မီးလောင်မှု ယနေ့နံနက် ၈ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ သွပ်မိုး ထရံကာ တစ်ထပ်နေအိမ် အိပ်ခန်းအတွင်းရှိ မွေ့ရာပေါ်တွင် တက်ဘလက်ဖုန်းအားသွင်းထားခဲ့ရာမှ ဘက်ထရီပွင့်ထွက်ပြီး မွေ့ရာပေါ်သို့ မီးပွားကျရာမှ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ မီးငြိမ်းသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ်တစ်စီး၊ သန္တမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်၍ -------အား အုန်းချော နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

# တန့်ယန်းမြို့နယ်တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဩဂုတ် ၁၈ ရက် ည ၈ နာရီက တန့်ယန်းမြို့နယ်၊ တာကော်အက်ကျေးရွာတံတားအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ဆမ်မိန်း မောင်းနှင်ပြီး အိုက်ဆမ်နှင့်မအေးဆာတို့ လိုက်ပါလာသည့် TOYOTA VIGO အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူအလေးချိန် ၃၇ ဒသမ ၁ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဆမ်မိန်း(၂၉)နှစ်၊ အိုက်ဆမ်(၂၀)နှစ်နှင့် မအေးဆာ(၂၀)နှစ်တို့အား တန့်ယန်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

**မြို့တွင်း**
**တစ်နာရီ မိုင်(၃၀)၊**
**(၄၈)ကီလိုမီတာထက်**
**ပိုမမောင်းရ။**

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting Systyen- CMRS) အပါအဝင် နည်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၃၇ ဒသမ ၁၀၃၆တန်၊ သစ်မာ ၅ ဒသမ ၅၄၆၈ တန်၊ အခြား ၂၂ ဒသမ ၁၁၄၇ တန်၊ စုစုပေါင်း ၆၄ ဒသမ ၇၆၅၁ တန်၊ ယာဉ်၊ ယန္တရား ၁၂ စီး၊ တရားခံ ၂၀ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

# ကြီးပွားချမ်းသာ လူ့ဂုဏ်တာ

လူတိုင်း ကြီးပွားချမ်းသာချင်ကြသည်သာ၊ ကြီးပွားချမ်းသာမှ စားဝတ်နေရေးပြေလည်မည်။ ကျန်းမာရေးစရိတ်၊ ပညာသင်စရိတ် ပူပန်ရန် မလိုတော့။ ပိုလျှံလျှင် ပေးကမ်းလှူဒါန်းနိုင်မည် ဖြစ်သည်။ သို့သော် လူတစ်ယောက် ကြီးပွားဖို့ရာ ကြီးပွားချမ်းသာချင်စိတ်တော့ ရှိဖို့လိုသည်။ ကြီးပွားချမ်းသာမှ လူတန်းစေ့နေနိုင်မည်ဆိုသည်ကို ခံယူထားဖို့ လိုပါသည်။ သို့သော် ကြီးပွားချမ်းသာဖို့ ကံကို ပုံချတတ်သည်မှာ ဓမ္မတာပင် ဖြစ်သည်။ ကံဆိုသည်မှာ အလုပ်ကိုခေါ်ဆိုခြင်း ဖြစ်သည်။ အလုပ်အကိုင်ကောင်းမွန်လျှင် ကြီးပွားတိုးတက်၍ အလုပ်အကိုင်သည် မကောင်းရာ မကောင်းကြောင်းသို့ ဦးတည်နေပြီဆိုပါလျှင် ဆုတ်ယုတ်ပျက်စီးတတ်သည်။ ထို့ကြောင့် ကံ ကံ၏ အကျိုးကို ယုံကြည်သည့် ကိုယ်တိုင်လုပ်ကိုင်ရသော ကာယလုပ်သား၊ ခန္ဓာကိုယ်ကို အားပြု၍ လုပ်ရသည်။ ဝစီကံသည် နှုတ်မှုရေးရာဖြင့် သက်မွေးရသောအလုပ်တွင် နှုတ်၏ချိုသာခြင်းဖြင့် စေခိုင်းတတ်ခြင်း၊ နှုတ်ဖြင့် သဘောတူညီမှု ရယူခြင်းတို့ ဖြစ်သည်။ မနောကံ အလုပ်တွင် ကြံစည်ခြင်း၊ တွေးတောခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့ ဖြစ်သည်။ ထို့ကြောင့် ကံကို ဆုံးဖြတ်ရာတွင် -

သဒိသံပါကံ ဇနေတိ - တူသောအကျိုး ပေးသည်။

ကမ္မံသတ္တေဝိဘဇတိ - သတ္တဝါတို့ကို ကံကပင် ဆုံးဖြတ်ပေးသည်ဟု သူတော်ကောင်းတို့ ဆိုစမှတ်ပြုကြမြဲဖြစ်သည်။

သို့အတွက်ကြောင့် ကံကောင်း၍ ကြီးပွားချမ်းသာနိုင်အောင် မေတ္တာကို ဦးစွာပြုဖို့လည်း လိုပါသည်။ အောက်ဖော်ပြပါ မေတ္တာငါးမျိုးကို ရအောင်ယူထားဖို့ လိုပါသည်။

### ၁။ လက်ယာဘက်မေတ္တာ

မိဘနှစ်ပါး၏ မေတ္တာပင်ဖြစ်သည်။ မိဘနှစ်ပါးကို လိုလေသေးမရှိ ပြုစုစောင့်ရှောက်ရန် ဖြစ်သည်။ အစားအစာ မျှတပါရဲ့လား၊ အဝတ်အစား လုံခြုံသပ်ရပ်မှုရှိပါရဲ့လား၊ နေထိုင်ကောင်းရဲ့လား၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိရဲ့လား စသည်ဖြင့် အမြဲမပြတ် ပြုစုစောင့်ရှောက်လျှင် မိဘသည် သူ၏ သား၊ သမီးများကို မေတ္တာပို့လွှတ်လျက်ရှိသည်။ မနောဖြင့် ပို့လွှတ်ခြင်း၊ နှုတ်မှမြွက်ဟ၍ ပို့လွှတ်ခြင်းတို့ကို သား၊ သမီးများ ခံစားရသည်။ မေတ္တာလှိုင်းများသည် သား၊ သမီးတို့ကို ရိုက်ခတ်လျက်ရှိသည်။ ဤသည်ပင် မိဘ၏ မေတ္တာများကို ရယူခြင်းမည်ပါပေသည်။

### ၂။ လက်ဝဲဘက်မေတ္တာ

အိမ်နီးနားချင်းမေတ္တာပင် ဖြစ်ပါသည်။ မိမိ၏ ပတ်ဝန်းကျင်ရှိ မိတ်ဆွေများကို ပေးကမ်းခြင်းဖြင့် မေတ္တာကို ရယူနိုင်ပါသည်။ အဝတ်အစား၊ ကောင်းမွန်သော အစားအစာတို့ကို အခါအားလျော်စွာ ပေးကမ်းရန်ဖြစ်သည်။ မနိုင်ဝန်ကို ကူမ၍ လုပ်ဆောင်ခြင်းသည်လည်း လုပ်အားပေးကမ်းခြင်း ဖြစ်သည်။ ကျန်းမာပါရဲ့လား၊ အလုပ်အကိုင် အဆင်ပြေရဲ့လား စသည်ဖြင့် အာလာပ သလ္လာပ စကား စမြည်ပြောခြင်းဖြင့်လည်း အရေးတယူပြုရာရောက်သဖြင့် မေတ္တာရောင်ပြန်ထင်ဟပ်ရာ ရောက်ပါသည်။ မြန်မာစကားပုံတွင် "အိမ်နီးနားချင်းကောင်းမှ လင်ကောင်းရသည်"ဟု ဆိုရိုးရှိပါသည်။ မိမိ အိမ်နီးနားချင်း၏ မေတ္တာကို ရရှိမှသာလျှင် အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးကောင်းသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ တကယ်တမ်းမှ အိမ်နီးနားချင်း မေတ္တာသည်လည်း အရေးကြီးလှပါသည်။

### ၃။ အောက်အရပ်မေတ္တာ

သား၊ သမီး၊ အလုပ်သမားများ၏ မေတ္တာကို ရည်ညွှန်းပါသည်။ သား၊ သမီးကို ဆိုဆုံးမရာတွင် နူးညံ့ရမည်၊ မှန်ကန်ရမည်၊ သား၊ သမီးနားလည်နိုင်ရမည်ဖြစ်သည်။ ဒါမှသာ သား၊ သမီးသည် မိဘကို အားကိုးမည်၊ ချစ်ခင်မည်၊ တွယ်တာမည်ဖြစ်သည်။ သား၊သမီး မေတ္တာသည် မိဘကို အစဉ်ကိုင်းညွတ်နေစေမည်ဖြစ်သည်။ မိဘနှင့် သား၊ သမီး အပြန်အလှန် မေတ္တာစီးဖြန်းနေပါလျှင် သာယာချမ်းမြေ့သော သီရိဂေဟာလေး ဖြစ်ပေတော့မည်။ ခေတ်နှင့်လျော်ညီစွာ ပြုပြင်ဆုံးမတတ်သော၊ သား၊သမီး၏ စိတ်ဓာတ်ရင့်ကျက်မှု အတိမ်အနက်ကို အကဲခတ်တတ်သော မိဘများသည်သာ သား၊ သမီး၏ မေတ္တာကို အပြည့်အဝခံစားရသည်သာ ဖြစ်ပါသည်။

အလုပ်အကိုင် ထူထောင်၍ လုပ်ကိုင်ကြရာတွင် အလုပ်သမားများကို မှီခိုလုပ်ကိုင်ကြရသည်။ မိမိတစ်ဦးတည်း လုပ်တတ်သောလုပ်ငန်းကို အလုပ်သမားများက ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးသည့်သဘောဖြစ်ပါသည်။ အဆများစွာပြီးစီး၍ တိုးတက်ကြီးပွားရခြင်း ဖြစ်သည်။ ထို့ကြောင့် အလုပ်သမားများ၏ မေတ္တာကို လုပ်ငန်းရှင်အနေဖြင့် ရယူပိုင်ဆိုင်ဖို့ လိုပါသည်။ အလုပ်သမားတစ်ဦးစီ၏ မေတ္တာကို ရယူပိုင်ဆိုင်ပြီဆိုသည်နှင့် လုပ်ငန်းတွင်ကျယ်သည်။ အမှားအယွင်းနည်းသည်။ လေလွင့်ပျက်စီးဆုံးရှုံးမှု ကင်းသည်။ ထို့ကြောင့် လုပ်ငန်းအောင်မြင်၍ ကြီးပွားတိုးတက်ရတော့သည်။ အလုပ်သမားမေတ္တာ ရယူနိုင်ရန် နှုတ်ချိုသာရမည်။ လူအလိုက် လုပ်ငန်းခွဲဝေခိုင်းတတ်ရမည်။ ပေးကမ်းချီးမြှင့်ရမည် ဖြစ်ပါသည်။ အလုပ်သမားတို့၏ အခက်အခဲကို ကူညီမ,စရမည်။ သူတို့၏ ကျန်းမာရေးအစဉ်ကောင်းမွန်စေရန် စောင့်ရှောက်တတ်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် အောက်အရပ်မေတ္တာကို အမြဲနှလုံးသွင်း၍ ရယူရန် ကြံဆောင်ကြရာသည်။

### ၄။ ကျောအရပ်(နောက်အရပ်)မေတ္တာ

ကျောအရပ်မေတ္တာဆိုသည်မှာ အမျှအတန်း ပေးဝေခြင်း ဖြစ်ပါသည်။ အရပ် ၁၀ မျက်နှာ ဝန်းကျင်တွင် နတ်မြတ်နတ်ကောင်းများ အစဉ်ရှိနေပါသည်။ ၎င်းတို့၏ မေတ္တာကိုရယူနိုင်ရန် နည်းလမ်းကောင်းမှာ မိမိကောင်းမှုပြုသောအခါ အမျှအတန်း ဝေမျှ၍ သာဓုခေါ်စေခြင်းပင်ဖြစ်ပါသည်။ မိမိကုသိုလ် ရသလို သူတို့လည်း ရစေလိုသော ဆန္ဒဖြင့် အမျှဝေခြင်း ပြုလုပ်ရာသည်။ အချိန်မရွေး အမျှအတန်း ပေးဝေ၍ မေတ္တာပို့ခံရသော နတ်မြတ်နတ်ကောင်းတို့သည် စားသုံးရခြင်း၊ ကောင်းမွန်သော အဝတ်အစားဝတ်ရခြင်း၊ ဘုံဗိမာန်တို့ဖြင့် နေထိုင်ရခြင်း စသည်တို့ ခံစားရသဖြင့် အမျှဝေ မေတ္တာပို့သူကို ပြန်လည်မေတ္တာထားပြီး ကူညီလာပါသည်။ စောင့်ရှောက်လာပါသည်။ ကာကွယ်လာပါသည်။ ထို့ကြောင့် ကျောအရပ်မေတ္တာ ရရှိပိုင်ဆိုင်သော ပုဂ္ဂိုလ်သည် အများထက် ထူးခြားစွာ ပေါ်လွင်နေတော့သည်။ ကြီးပွားချမ်းသာမှု၏ အသီး၊ အပွင့်ကို ခံစားရမြဲ ဖြစ်ပါသည်။

### ၅။ အထက်အရပ်မေတ္တာ

အထက်အရပ်မေတ္တာဆိုသည်မှာ ရတနာသုံးပါးနှင့် ဆရာသမားတို့၏ မေတ္တာပင် ဖြစ်ပါသည်။ ရတနာသုံးပါးကို ရိုသေမြတ်နိုးသူ ဆရာသမားတို့ကို ဦးထိပ်ပန်ဆင်သူသာ ဤမေတ္တာကို ရယူနိုင်ပါသည်။

အထက်အရပ်မေတ္တာ ရယူနိုင်ရန် ရတနာသုံးပါးကို ယုံကြည်၊ ကိုးကွယ်၊ ဆည်းကပ်ရပါမည်။ ဘုရား၏ဂုဏ်တော်ကို ယုံကြည်သည်နှင့် ဘုရားဟော ဓမ္မတရားများကို လိုက်နာရပါမည်။ တရားကို လက်ဆင့်ကမ်း ဟောပြောပေးသော ဘုရားသားတော် ရဟန်းများကို ရိုသေစွာ လှူဒါန်းပူဇော်ရပါမည်။ ရတနာသုံးပါးသည် လူတို့၏ ကြီးပွားချမ်းသာခြင်းအကျိုးငှာ မကောင်းမှုကို ရှောင်၍ ကောင်းမှုကို ဆောင်စေလိုကြောင်း အမြဲထာဝရ ညွှန်ပြတော်မူခဲ့သည်။ ထိုသို့ ညွှန်ပြတော်မူခဲ့သည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်သူကို သာဓုခေါ်တော်မူပါသည်။ ရတနာသုံးပါး၏ အရိပ်အာဝါသ ရောက်သူတိုင်း ကြီးပွားချမ်းသာမြဲ ဖြစ်ပါသည်။ လောကီချမ်းသာ၊ လောကုတ္တရာ ချမ်းသာ နှစ်ဖြာသောချမ်းသာကို ခံစား၊ စံစား ရမြဲဖြစ်ပါသည်။

ထို့အတူ ဆရာသမား၏ ဆိုဆုံးမမှုကို ခံယူသူသည် ဆရာ၏ ချစ်ခြင်းကိုခံရ၍ ဆရာ၏ မေတ္တာကို ရင်ဝယ်ပိုက်ရသည်။ ဆရာ၏ ဆိုဆုံးမမှုတိုင်းသည် တပည့်၏ ကြီးပွားချမ်းသာမှုကို ရှေးရှု၍ ဆိုမြဲဖြစ်ပါသည်။ ဆရာသမားသည် မှားသော လမ်းကို လျှောက်လျှင် ပြင်ပေး၍ မှန်ကန်သော လမ်းကြောင်းပေါ်ရောက်ရန် ညွှန်ပြပါသည်။ ထို့ကြောင့် ဆရာ၏ဂုဏ်ကို "နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလော့"ဟူ၍ ဖွဲ့ဆိုခဲ့ရသည်။ ဆရာမပြ နည်းမကျ၊ ဆရာမရှိ၊ နည်းမသိ ဆိုသကဲ့သို့ ဆရာသမားသည် ကြီးပွားချမ်းသာမှုတွင် အရေးပါသဖြင့် ဆရာ၏မေတ္တာကို ခံယူထိုက်ဖို့ သင့်လှပါသည်။ ဆရာ့မေတ္တာခံယူရသူတိုင်း ကြီးပွားချမ်းသာရကြောင်း လက်တွေ့၊ စာတွေ့နယ်ပယ်တွင် အများအပြား ထင်ရှားစွာရှိကြောင်း သိအပ်လှပါသည်။

ဖော်ပြပါ ကြီးပွားချမ်းသာကြောင်း အကျိုးကို ခံစားရယူနိုင်ရန် မေတ္တာငါးမျိုးကို မိမိကိုယ်တိုင် ပိုင်ဆိုင်နိုင်စေကြောင်း ကြိုးစားအားထုတ်ကြရသည်။ တကယ် ကြီးပွားချမ်းသာချင်ရင် ထိုထိုသော မေတ္တာငါးမျိုးကိုရအောင် ယူထားကြပါဟု တိုက်တွန်းရင်း စေတနာများစွာဖြင့် .....

**သောင်းမြင့်ဇော်(သုံးဆယ်မြေ)**

## ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း ဖွင့်လှစ်

**မန္တလေး ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်နှင့် သပိတ်ကျင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆင့်ဆင့်မှ အငယ်တန်းစာရေးနှင့် အခြားအဆင့် ဝန်ထမ်းများအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ သပိတ်ကျင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုင်အေး၊ သင်တန်းနည်းပြများ၊ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း (မန္တလေး)ဥက္ကဋ္ဌ ဦးလှဝေ (တိုင်းအုပ်ချုပ်ရေးမှူး-ငြိမ်း)က သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**



အဆိုပါ သင်တန်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း (မန္တလေး)မှ အငြိမ်းစားအရာရှိများက သင်တန်းသား၊ သင်တန်းသူ ၅၆ ဦးတို့အား သင်တန်းကာလ ငါးရက်အတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သမိုင်း၊ ဝန်ထမ်းကောင်းဖြစ်ရန် လိုက်နာဆောင်ရွက်ရမည့်အခြေခံအချက်များ၊ ဦးစီးတာဝန်၊ ရုံးလုပ်ငန်း၊ အုပ်ချုပ်ရေးဆိုင်ရာသိကောင်းစရာများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ဘဏ္ဍာရေးနှင့်ငွေစာရင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၏ တာဝန်နှင့် ဝတ္တရားဆိုင်ရာအခြေခံအချက်များကို ပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

(ဝ၉၃)

*-*-*-*-*-*-*



## ကျောင်းကောင်စီ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းကောင်စီ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျောင်း အားကစားကွင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲအခမ်းအနားကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမို့မို့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးတို့က ဖွင့်လှစ်ပေးပြီး ကျောင်းသူများက အာရှမြန်မာသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် ကျန်စစ်သားအသင်းနှင့် အနော်ရထာအသင်းတို့ ယှဉ်ပြိုင်ကြရာ ဂိုးမရှိ သရေကျနေ၍ ပင်နယ်တီအဆုံးအဖြတ်ကစားကြရာ အနော်ရထာအသင်းက သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပထမဆုရ အနော်ရထာအသင်းအား ကျောင်းအုပ်ဆရာမကြီးကလည်းကောင်း၊ ဒုတိယရဆု ကျန်စစ်သားအသင်းအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးကလည်းကောင်း ဆုများ ချီးမြှင့်ခဲ့သည်။

ကျောင်းကောင်စီ ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၂ ရက်မှ စတင်ခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ငါးသင်း ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မန္တလေးနေ့စဉ်-၃**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်နှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်(ကြော်ငြာဌာနစိတ်)၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ mdydailynewspaper@gmail.com သို့ (၁၅-၉-၂၀၂၅)ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ အပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## လူထုအခြေပြုဗဟိုဌာန၌ Book Club အဖွဲ့ဝင်များဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် စာရေးဆရာလက်ာရည်ကျော် ရေးသားသည့် နေညိုကမ်းနဖူးဝတ္ထုတိုများ စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ညနေ ၃ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနိုင်လင်းက BookClub အဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များ၊ ဝန်ထမ်းများဖြင့် စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာရေးဆရာ လက်ာရည်ကျော်ရေးသားသည့် "နေညိုကမ်းနဖူးဝတ္ထုတိုများ" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ Book Club အဖွဲ့ဝင်နှစ်ဦးက "နေညိုကမ်းနဖူး"၊ "စမ်းရေစီးသံ"၊ "အချည်းနှီးဘဝတွေ" စသည့် ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးခဲ့ရာ တက်ရောက်လာကြသူများက မိမိတို့၏ အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြသည်။

ဆင်ပေါင်ဝဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ စာကြည့်တိုက်နှင့် ပိုမိုရင်းနှီးကျွမ်းဝင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် သင်တန်းများ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ စာဖတ်ဝိုင်းများ၊ ဆွေးနွေးပွဲများ၊ အသိပညာပေး(Talk Show)များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**




## သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး (Kaeru Caravan) အသိပညာပေး ဆောင်ရွက်

**ပျော်ဘွယ် ဩဂုတ် ၂၁**



မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး (Kaeru Caravan) အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီက အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း (ရန်အောင်)တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပျော်ဘွယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူးက သဘာဝဘေးအန္တရာယ်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများအား သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့လာပါက မိမိပတ်ဝန်းကျင်ရှိ အလွယ်တကူရရှိနိုင်သည့်ပစ္စည်းများဖြင့် ရှေးဦးသူနာပြုစုနည်းစနစ်များ၊ အသက်ကယ်အကျီပြုလုပ်နည်း စသည့် ကဏ္ဍများကို တစ်ခုချင်းစီ လက်တွေ့သရုပ်ပြခြင်းများ၊ အသိပညာပေး လက်ကမ်းစာစောင်ဝေငှခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(မိုးသီး)**

၀-၀-၀-၀-၀-၀

## စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**တောင်တွင်းကြီး ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့ နံနက် ၇ နာရီက ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ချုံနွယ်များနှင့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များနုတ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ခြင်အန္တရာယ်ကင်းရှင်းရေး ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း၊ စာသင်ခန်းများအတွင်း၊အပြင် သန့်ရှင်းရေး ပြုလုပ်ခြင်း၊ စွန့်ပစ်အမှိုက်များ ကောက်ယူခြင်းနှင့် အမှိုက်လှည်းခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**



ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ကျော်သင်းဆွေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်(၁) ဗိုလ်မှူး ကျော်ဇင်ညွန့်တို့က စုပေါင်းသန့်ရှင်းရေးပြုလုပ်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများအား ကြည့်ရှု ကူညီဆောင်ရွက်ပေးခဲ့ကြောင်း အားပေးကြပြီး လိုအပ်သည်များ သိရသည်။

**နောင်နောင်(မိသနိုးမြေ)**

## အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး ဩဂုတ် ၂၁**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် Capacity Building Workshop for Clinical Faculty: Implementation of Outcome based Integrated Curriculum အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက မန္တလေး၊ချမ်းအေးသာစံမြို့နယ်ရှိ ဆေးတက္ကသိုလ်-မန္တလေး၏ မန်းရတနာပုံခန်းမတွင် ကျင်းပသည်။ **(အပေါ်ယာပုံ)**

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခ ဒေါက်တာတင်ထွန်း၊ ဆေးတက္ကသိုလ်- မန္တလေး၊ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမျိုးသက်တင်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(သင်ကြားရေး)၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ ဆေးတက္ကသိုလ်-မန္တလေးမှ ဒုတိယပါမောက္ခချုပ်များ၊ပါမောက္ခ၊ ဌာနမှူးများ၊ Resource Person များ၊ သင်ကြားရေးဆေးရုံကြီးများမှ သင်တန်းသားအဖြစ် တက်ရောက်ကြမည့် ဆေးလက်တွေ့ ဆရာဝန်ကြီး ၃၆ ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Virtual စနစ်ဖြင့် အဖွင့်အမှာစကားပြောကြားပြီး ဆေးတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ်က ကျေးဇူးတင် စကားပြောကြားသည်။ ထို့နောက် အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြကာ အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြသည်။

ယခုအလုပ်ရုံဆွေးနွေးပွဲမှာ မန္တလေး Region အတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး အလားတူ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန် Region အနေဖြင့် ဆေးတက္ကသိုလ် (၁) ရန်ကုန်တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ နေပြည်တော် Region တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာစံနှုန်းများနှင့်အညီဖြစ်စေရေးအတွက် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစ၍ မျှော်မှန်းရလဒ်အခြေခံသော စုစည်းချိတ်ဆက် သင်ကြားခြင်း သင်ရိုးညွှန်းတမ်း OBIC (Outcome based Integrated Curriculum) သင်ရိုးညွှန်းတမ်းအသစ်ဖြင့် ဆေးတက္ကသိုလ်များအားလုံးတွင် ပြောင်းလဲသင်ကြားခဲ့ကြကြောင်း၊ သင်ကြားရေးဆေးရုံတွင် တာဝန်ထမ်းဆောင်နေသူများအားလုံး သင်ကြားရေးတွင် အခက်အခဲမရှိစေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက်မှ ၂၂ ရက်အထိ ဆေးတက္ကသိုလ်-မန္တလေးတွင် သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၀၉၃)

*-*-*-*-*



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများဟောပြော၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မန္တလေး ဩဂုတ် ၂၁**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တက္ကသိုလ်များ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ဌာနဆိုင်ရာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ အမရပူရမြို့နယ်၊ ကုက္ကိုလ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းသား၊ကျောင်းသူများအား အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့ စုမှူး ဒုတိယရဲမှူး ကျော်စိုးလွင်ဦးစီး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ကျောင်းသား၊ ကျောင်းသူများအား ဟောပြောခဲ့သည်။

**(အပေါ်ပုံ)**

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆိုင်ကယ်စီးဦးထုပ် မဆောင်းသူများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းခြင်းကြောင့် ယာဉ်မတော်တဆမှုများ နေ့စဉ်ဖြစ်ပွားနေပြီး အသက်များဆုံးရှုံးမှုဖြစ်ပေါ်လျက်ရှိရာ လမ်းအသုံးပြုသူများကိုယ်တိုင် ပူးပေါင်းပါဝင်မှသာ ထိရောက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများလျော့နည်းလာမည်ဖြစ်ကြောင်း ပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများ သိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေကြားကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဟောပြောပွဲသို့ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၀၄၅)

## စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၃၈၅ ဖြင့် ၅၆၂ ပိဿာ ရောင်းချပေး

**ကျောက်ဆည် ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် အသင်းဝင် စားအုန်းဆီရောင်းဝယ်ရေးဆိုင်များမှ ပြည်သူများ စားနပ်ရိက္ခာဖူလုံရေးအထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရပြီး ယမန်နေ့က ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်၌ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၃၈၅ ဖြင့် စားအုန်းဆီ ၅၆၂ ပိဿာ ရောင်းချပေးခဲ့သည်။ **(အောက်ပုံ)**

ထိုသို့ရောင်းချပေးရာတွင် ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီများကို သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီသည့် စားအုန်းဆီများကို ဝယ်ယူသူများ အဆင်ပြေစေရေး ဆီဝယ်ယူခွင့် စာအုပ်တစ်အုပ် ပြုလုပ်၍ ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် ကျောက်ဆည်မြို့နယ်တွင် ဦးအောင်လွင်(နေလသုခ) စားသုံးဆီ လက်လီလက်ကားအရောင်းအဝယ်ဆိုင်မှ သပြေကုန်းကျေးရွာ ပြည်သူများအား ၂၃၂ ပိဿာ၊ စဉ့်ကိုင်မြို့နယ်တွင် ဦးစိုးမောင်(အောင်စိုးမိုးဦး) စားသုံးဆီ လက်လီလက်ကားအရောင်းအဝယ်ဆိုင်မှ တရပ်စုရပ်ကွက်ရှိ ပြည်သူများအား ပိဿာ ၃၃၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။

(၄၈၅)



## ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စုပေါင်း ၆၀ ကျော်ကို ရေဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ပေးထား

**မင်းဘူး ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ်၌ ဩဂုတ် ၂၀ ရက် ညနေပိုင်းအထိ ဧရာဝတီမြစ်ရေဝင်ရောက်မှုများကြောင့် ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများသို့ အိမ်ထောင်စုပေါင်း ၆၀ ကျော်ကို ကြိုတင်ပြောင်းရွှေ့ပေးထားကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ ယခုရက်ပိုင်း ဧရာဝတီမြစ်ရေ သိသိသာသာ တိုးမြင့်ဝင်ရောက်မှုကြောင့် မန်းကျိုးကျေးရွာအုပ်စု၊ ထုံးမကြီးကျေးရွာမှ အိမ်ထောင်စုပေါင်း ၆၄ စု၊ လူဦးရေပေါင်း ၂၂၁ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များကို ရေဘေးလွတ်ရာ ကျောက်ကုန်း၊ ပေတောဘုန်းတော်ကြီးကျောင်း၊ အောက်ကျောင်းဘုရားကြီးဝင်းအတွင်းနှင့် သံကန်တန်း (၇) စသည့် ကုန်းမြင့်နေရာဒေသများ၌ ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း၊ အဆိုပါရေဘေးသင့် အိမ်ထောင်စုများအတွက် ဆန်ရိက္ခာဖိုးငွေများ အချိန်မီ ပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး ယာယီပြောင်းရွှေ့နေထိုင်ကြရသည့် ထပ်တိုးအိမ်ထောင်စုစာရင်းများကို အချိန်နှင့်တစ်ပြေးညီ စာရင်းများကောက်ယူ၍ နေရာချထားပေးလျက်ရှိကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်သည် ၁၇၀၀ စင်တီမီတာဖြစ်ပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဩဂုတ် ၂၀ ရက် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ၁၅၀၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်ကိုရောက်ရှိရန် ၁၉၃ စင်တီမီတာလိုသေးကြောင်း၊ ယခုလက်ရှိ မြစ်ရေဝင်ရောက်မှုများသည် မြေနိမ့်ပိုင်းဒေသများဖြစ်၍ နှစ်စဉ်နှစ်တိုင်း ဧရာဝတီမြစ်ရေဝင်ရောက်လေ့ရှိသည့် ဒေသများဖြစ်ကာ ယခုနှစ် မိုးတွင်းကာလ၌ ဧရာဝတီမြစ်ရေသည် ဒုတိယအကြိမ် တိုးမြင့်ဝင်ရောက်ခြင်း ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

(၅၀၀)



## ယခုနှစ် မိုးရာသီ သီးနှံမျိုးစုံ ဧက ၇၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် စပါးအပြင် သီးနှံမျိုးစုံ ဧက ၇၂၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများမှာ မိုးကောင်းသောက်ဖြစ်သော်လည်း ဒီနှစ် မိုးရာသီ သီးနှံမျိုးစုံ စိုက်ပျိုးဖို့အတွက် ၇၆၉၇၈ ဧက လျာထားပါတယ်။ ယနေ့အထိ စပါး ၂၉၅၇၂ ဧက၊ ပဲမျိုးစုံ ဧက ၁၆၉၆၀၊ ဆီထွက်သီးနှံ ၇၃၂၄ ဧက၊ အခြားသီးနှံ ၁၇၄၂၆ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧက စုစုပေါင်း ၇၂၈၃၁ ဧက (၉၄ ဒသမ ၆၁)ရာခိုင်နှုန်း စိုက်ပျိုးပြီး ဖြစ်ပါတယ်။ လျာထားချက်ပြည့်မီရေးအတွက် ဆက်လက်စိုက်ပျိုးနေကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ မိုးစပါးနှင့် သီးနှံမျိုးစုံအောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း မျိုးသန့်များရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ပညာပေးခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ ပိုးမွှားကျရောက်မှု ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်ကြကြောင်း၊ ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြကြောင်း သိရသည်။

(၄၈၀)

*-*-*-*-*

## အညွန်းကိန်းများ၊ ပတ်ဝန်းကျင်နှင့်သက်ဆိုင်သည့် ဘာသာရပ်များဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်လှစ်

**မကွေး ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆင့်ပွားသင်တန်း (TOT)ဖွင့်ပွဲကို ဩဂုတ် ၂၀ ရက် နံနက်၉နာရီက အဆိုပါပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မိုးက အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းကို တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ အဆိုပြုတင်ပြလာသည့် အခြေခံပညာကျောင်း ကိုးကျောင်းမှ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခရိုင်မှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများကို စာတွေ့ဖြင့် ဩဂုတ်၂၀ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**



## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ကျိုင်းလပ် ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီက အခြေခံပညာမူလတန်းကျောင်း(နမ့်ဖုန်)၌ ကျင်းပခဲ့သည်။



အဆိုပါဟောပြောပွဲတွင် ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတ တိုးပွားစေရန်နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများ၊ လူကုန်ကူးမှုများအကြောင်း၊ လူကုန်ကူးခံရခြင်းကြောင့် ရရှိနိုင်သော ဆိုးကျိုးများ၊ လူတိုင်းသတိပြုရမည့်အချက်များကို ကျောင်းသား၊ ကျောင်းသူများ သိရှိရန်လိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## စာအုပ်၊ စာစောင်များ ကွင်းဆင်းငှားရမ်းပေးခြင်း ဆောင်ရွက်

**ကွန်ဟိန်း ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများသည် ပြည်သူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများ တိုးတက်လာစေရန်နှင့် အသိပညာဗဟုသုတများ တိုးတက်လာစေရန်အတွက် Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ကွင်းဆင်းငှားရမ်းခြင်းကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကွင်းဆင်းငှားရမ်းပေးခဲ့သည်။

အဆိုပါ စာအုပ်ငှားရမ်းပေးရာတွင် သုတ၊ ရသစာအုပ်များ၊ ပုံပြင်၊ ရုပ်ပြ၊ မဂ္ဂဇင်း၊ ဝတ္ထုစာအုပ်များ စုံလင်စွာ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**






ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့ ပလေး

## သီလစောင့်ထိန်းပါ ဝါတွင်းချိန်ခါ

* လမြတ်ဝါတွင်း၊ ဝင့်ဆင်းရဲတွေ
လွတ်မြောက်ရန်မှု၊ ညဏ်ပြုဆောင်စေ
မေတ္တာဝေငှ၊ ညီမျှပေးဝေ
ကောင်းမြတ်လမ်း၊ မပန်းဘယ်မသွေ ။

* သိက္ခာဆောင်ထပ်၊ ကျင့်အပ်ပေရာ
ဗုဒ္ဓဘုရား၊ မြွက်ကြားခဲ့တာ
သတိယှဉ်တွဲ၊ ပြုမြဲမှန်စွာ
ရဟန်းမှု၊ ဆောင်ပြုအေးချမ်းသာ ။

* ယောက်ျား၊ မိန်းမ၊ ပြုကြယောဂီ
ကျင့်ကြံကျိုးကုတ်၊ ကျင့်ထုတ်စိတ်တည်
ဓမ္မတရား၊ ဆင့်ပွားဆောင်ရည်
သင်္ခါရ၊ သီလဖြည့်ရာသည် ။

* ဝါတွင်းလထူး၊ ရွှင်မြူးပေမူ
ယဉ်ကျေးသိမ်မွေ့၊ ဓလေ့ဆောင်ယူ
ဘာသာလူမျိုး၊ ပြည်ကျိုးဂုဏ်ထူ
ပြုံးလွှာဆက်၊ ကမ်းလက်တွဲယှဉ်ကူ ။

* ကုသိုလ်အရေး၊ ပြုပေးပျော်ရွှင်
ငါးဖြာအနန္တ၊ ဆံစဦးတင်
ပြုမိမိုက်မှား၊ ရှိခြားခဲ့ရင်
တောင်းပန်လျှက်၊ ဦးရှက်ကန်တော့ဆင် ။

* ရှင်သန်နေ့ရက်၊ ထက်မြက်ညဏ်ကျော်
ဥစ္စာပစ္စည်း၊ ပြည့်ပြီလျှံပေါ်
အသရေတိုး၊ ဆင့်မိုးဂုဏ်ဖော်
ကောင်းခြင်းထပ်၊ လွှမ်းအပ်နေ့စဉ်နော် ။ ။

**သူထက်ဆန်း(မန္တလေး)**

## Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းဆောင်ရွက်

**နိုလမ် ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နိုလမ်မြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းကို ဩဂုတ် ၂၀ ရက် နံနက် ၁၁ နာရီက အခြေခံပညာမူလတန်းကျောင်း(နောင်ပိန်)တွင် ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

ထိုသို့ စာအုပ်၊ စာစောင်များ ငှားရမ်းပေးရာတွင် ကျောင်းသား၊ ကျောင်းသူများ မိမိတို့၏ ကိုယ်ပိုင်အားလပ်ချိန်များတွင် အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်စေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားလာစေရန်၊ အသိပညာ ဗဟုသုတများ တိုးပွားစေရန်၊ စာဖတ်ရှိန်တိုးတက်မြင့်မားရေး၊ ပြင်ပဗဟုသုတများနှင့် ကျန်းမာရေး၊ ပညာရေး၊ အားကစားရေးရာ ကဏ္ဍများကို အဆင်ပြေပြေ လေ့လာဖတ်ရှုနိုင်ရေးနှင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာစေရန် ရည်ရွယ်၍ နိုလမ်မြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက Mobile Library စနစ်ဖြင့် သုတ၊ ရသ စာအုပ်များကို အခမဲ့ သွားရောက်ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် ငွေများနှင့် ရွှေထည်ပစ္စည်းများ လာရောက်လှူဒါန်း

**မန္တလေး ဩဂုတ် ၂၁**

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော မဟာမုနိဘုရားကြီး၏ စိန်ဖူးတော်အား အသစ်ပြန်လည်တင်လှူမည် ဖြစ်ပြီး ၄က်မြတ်နားတော်နှင့် ရွှေထီးတော်ကြီးကို ပြန်လည်ပြုပြင်ပြီး ရောင်တော်ဖွင့်ပူဇော်မည် ဖြစ်သည်။ ယခုအခါ ပျက်စီးမှုများအား ရေးမှုမပျက်ပြုပြင်လျက်ရှိသည်။

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများနှင့် ရွှေထည်ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၇ ရက်က စစ်ကိုင်းမြို့နေ ဒေါ်ကြည်ကြည်စိန်(သစ်ဆန်းရွှေဆိုင်)မိသားစုက ငွေကျပ် သိန်း ၅၅၀ ကိုလည်းကောင်း၊ မန္တလေးမြို့နေ ဒေါ်ရှင်စန်းနှင့် သားသမီးများက ငွေကျပ် သိန်း ၅၀ ကိုလည်းကောင်း၊ ၁၉၆၄ ခုနှစ် ရဲအရာရှိသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်း ရဲအရာရှိများက ငွေကျပ် ၁၃ သိန်းကိုလည်းကောင်း၊ ကွယ်လွန်သူ ဆရာကြီးဦးမြသိန်းအားရည်စူး၍ ကျန်ရစ်သူမိသားစုက အလေးချိန် ၉ ပဲ ၂ ရွေးရှိ ရွှေလက်စွပ် နှစ်ကွင်း၊ ရွှေနားကပ်တစ်ရန်၊ ဆရာမကြီး ဒေါ်ခင်စိန်အားရည်စူး၍ ကျန်ရစ်သူမိသားစုက အလေးချိန် ၃ပဲ ၅ ရွေးရှိ ရွှေလက်စွပ် တစ်ကွင်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီး ကျောင်းတော်ကြီး ပြုပြင်ရန်၊ ပြတိုက်များ ပြင်ဆင်ရန်၊ စောင်းတန်းများ ပြုပြင်ရန်၊ မုခ်ဦးပြာသာဒ်များ ပြုပြင်ရန်နှင့် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ ဘဏ် ငွေစာရင်းအမှတ် ၀၈၇၃၀ ၂၀၆ ၁၀၀၄၄၉၁၀၁ နှင့် UAB ဘဏ် ငွေစာရင်းအမှတ် ၀၁၇၁၃၀ ၁၀၀၀၁၂၂၅၉ နှင့် နိုင်ငံခြားငွေ စာရင်းအမှတ် ၀၁၇၀၁၂၁၀၀၀ ၀၀၇၅၀ နှင့် ဖုန်း-၀၉-၄၄၄၀ ၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်ပြည်သူ(မန္တလေး)**

# မဟာလောကရန်နိမ် အောင်တော်မူမြတ်စွာဘုရား အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပမည်

**မန္တလေး ဩဂုတ် ၂၁**

သက္ကရာဇ် ၁၂၄၄ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်က သီပေါဘုရင် တည်ထားကိုးကွယ်ခဲ့သော အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောကရန်နိမ် အောင်တော်မူမြတ်စွာဘုရားတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၇) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကြီးကို ၁၃၈၆ ခုနှစ် တော်သလင်းလဆန်း ၁ ရက်၊ ဩဂုတ် ၂၃ ရက်မှ တော်သလင်းလဆန်း ၇ ရက်၊ ဩဂုတ် ၂၉ ရက်အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

သံဃာတော် ၅၅ ပါးတို့က မဟာပဋ္ဌာန်းကျမ်းမြတ်ကို နေ့၊ ည အသံမစဲ ရွတ်ဖတ်ပူဇော်ကြမည် ဖြစ်၍ မန္တလေးမြို့နှင့် ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ ကုသိုလ်ရှင်များမှ ကြည်ညိုသဒ္ဓါပွားများနိုင်ကြောင်းနှင့် အလှူငွေများ လှူဒါန်းလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၉-၇၈၈၃၅၀၇၅၀၊ ၀၉-၉၇၀၃၉၅၆၉၆၊ ၀၉-၇၉ ၇၂၃၅၂၅၀ တို့သို့ဖြစ်စေ ဆက်သွယ် စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(ယာပုံ)

(ကဆ)





# ရာသက်ပန် ဆွမ်းပဒေသာပင်လှူဒါန်းပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကေသဝ (မဟာစရိယ၊ B.A)က ဟောကြားချီးမြှင့်သော ရေစက်ချတရားနာယူကြည်ညိုကြပြီး ဖခင်ကြီးဦးဘသန်း၊ မိခင်ကြီး ဒေါ်အေးရီတို့အားရည်စူး၍ မန္တလေးမြို့နေ (သား)ကိုမျိုးခိုင်+မစန်းစန်းဝင်း၊ (မြေး)မောင်ဘုန်းမြတ်အောင်၊ မအေးသန္တာမျိုး၊ မောင်ဇော်ထက်အောင်(သုခနှစ်ဖြာဆီစက်)မိသားစုတို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် သိန်း၇၀၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် ၁၀ သိန်း၊ စုစုပေါင်း ငွေကျပ် သိန်း ၈၀ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။**(အပေါ်ပုံ)**

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ကိုယ်တိုက်ဆပ်ပြာ အစရှိသော လှူဖွယ်ပစ္စည်းများအား တစ်ပါးချင်းစီ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(PNT)**

# ပရဟိတမိဘမဲ့ကျောင်းများသို့ အာဟာရဖြည့်စွက်စာများ လိုက်လံလှူဒါန်း

**မန္တလေး ဩဂုတ် ၂၁**

မန္တလေး ချမ်းမြသုခပရဟိတ လူမှုကူညီရေးအသင်းမှ ဩဂုတ် ၁၇ ရက်က DOH EAIN အဖွဲ့မှ ငလျင်ဘေးသင့်ပြည်သူများအတွက် လှူဒါန်းထားသည့် အာဟာရဖြည့်စွက်စာ [OVALTINE MALTED MILK] များအား မန္တလေးမြို့တွင် ငလျင်ဘေးခံစားခဲ့ရသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပရဟိတမိဘမဲ့ကျောင်းများသို့ လိုက်လံလှူဒါန်းခဲ့ကြသည်။

အာဟာရဖြည့်စွက်စာများ လိုက်လံလှူဒါန်းမှုတွင် အသင်း ဒုတိယဥက္ကဋ္ဌ ဦးလှိုင်မျိုးမင်းနှင့် အမှုဆောင်များ၊ အသင်းသူ၊ အသင်းသားများက အောင်မြေသာစံမြို့နယ် ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်းရှိ သာမဏေနှင့် ကျောင်းသား၊ ကျောင်းသူ ၁၂၀၀ ဦး၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ပြည်လုံးချမ်းသာ ပရဟိတမိဘမဲ့ကျောင်းရှိ သာမဏေနှင့် ကျောင်းသား၊ ကျောင်းသူ ၁၈၅ ဦး၊ YGW မိဘမဲ့ဂေဟာရှိ သာမဏေနှင့် ကျောင်းသား၊ ကျောင်းသူ ၈၀၀ ကျော်၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ စိမ့်စမ်းရည်မိဘမဲ့ပရဟိတကျောင်းရှိ သာမဏေ၊ သီလရှင်နှင့် ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦး၊ သုခရိပ်ငြိမ်ပဋ္ဌိပတ္တိဘာဝနာဌာနရှိ ယောဂီ ၃၀ ဦးတို့အား ကိုယ်တိုင်ကိုယ်ကျ လက်ဝယ်သွားရောက် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(၀၇၀)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် ပုသိမ်ကြီးမြို့၊ ကံအောင်မင်္ဂလာကျောင်း၊ ကုလားကြီးခြံနေ ဆရာတော် ဘဒ္ဒန္တနန္ဒဝံသက ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၀ သိန်းကို ယမန်နေ့က လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာ ဦးညွန့်သန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(ကဆ)

# မန္တလေးမြို့ရှိ ငလျင်ဘေးသင့် အိမ်ထောင်စု ၂၀၀၀ အား Blue Sky Rescue Development အဖွဲ့မှ စားသောက်ကုန်များ လှူဒါန်းမည်

**မန္တလေး ဩဂုတ် ၂၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Blue Sky Rescue Development အဖွဲ့မှ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ငလျင်ဘေးသင့် အိမ်ထောင်စု ၂၀၀၀ စုအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများအား မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) အသင်းခွဲ(မန္တလေး)မှ ကြီးမှူး၍ လှူဒါန်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(မန္တလေး) ရုံးခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (မန္တလေး)ဥက္ကဋ္ဌ ဦးကျော်မင်းက အဖွင့်အမှာစကားပြောကြားပြီး Blue Sky Rescue Development အဖွဲ့မှ တာဝန်ရှိသူများက မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ခဲ့သည့် အိမ်ထောင်စု ၂၀၀၀ ခန့်အား ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စားသောက်ကုန်များ လှူဒါန်းပေးနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** (၀၄၅)



❖ အနာဂတ်နိုင်ငံရေးတွင် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းသည် နိုင်ငံရေး တည်ငြိမ်မှုအပေါ်တွင် သက်ရောက်မှုရှိသည်ကို တွေ့ရှိရ...

❖ မိမိတို့အနေဖြင့် အတန်းပညာအားနည်းခဲ့သူများကို ပစ်ထားရ၍ရမည်မဟုတ်ဘဲ ကျောင်းပြင်ပ ပညာရေးနှင့် ဗဟုသုတရှာမှီးရေးအတွက် စာကြည့်တိုက်များ၊ ဒေသအလိုက်ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများကို အားပေးခြင်း၊ စာဖတ်ဝိုင်းများ စီစဉ်ပေးခြင်း စသည့် ကျောင်းပြင်ပ ပညာရေးဖြင့် အားပေးဆောင်ရွက်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ(၄/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**မန္တလေး ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီ၏ (၄/၂၀၂၅)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။







အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်နှင့်အညီ စိစစ်ဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့် မူဝါဒ၊ သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ လိုက်နာကာ ဌာနအချင်းချင်းချိတ်ဆက်ပူးပေါင်း၍ သမာသမတ်ကျကျ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကော်မတီ၏ အတွင်းရေးမှူး တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးချစ်ကိုကိုက တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ယခင်ကော်မတီက ဆောင်ရွက်ထားရှိမှု၊ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုနှင့် ပြင်ဆင်ဖွဲ့စည်းပြီးနောက်ပိုင်း ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများအား ဆွေးနွေးတင်ပြပြီးနောက် ခရိုင်များမှ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌများက ယခင်အစည်းအဝေး ဆွေးနွေးချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ အကြံပြုကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ

## ဒေသဆိုင်ရာ လေ့ကျင့်ရေးစင်တာများ ဖွင့်လှစ်ရေး အကြိုအလုပ်ရုံဆွေးနွေးပွဲ FIFA/MFF Regional Training Center (Phase-1) Workshop 2025 ကျင်းပပြီးစီး

**ရန်ကုန် ဩဂုတ် ၂၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်နှင့် ပူးပေါင်း၍ ရွက်ပုန်းသီး မျိုးဆက်သစ်များ ပေါ်ထွက်လာရေးအတွက် နယ်ဒေသများတွင် လေ့ကျင့်ရေးစင်တာများ ဖွင့်လှစ်ကာ ဘောလုံးဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါစီမံကိန်းအတွက် အကြိုအလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က MFF တွင် ကျင်းပပြီးစီးခဲ့ပြီ ဖြစ်သည်။




ဆွေးနွေးပွဲသို့ ပုသိမ်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ နေပြည်တော်၊ မြစ်ကြီးနား စသည့် ဒေသ(၆)ခုမှ Regional Technical Director ဒေသဆိုင်ရာ နည်းစနစ်ဒါရိုက်တာ၊ နည်းပြ၊ လက်ထောက်နည်းပြ၊ ဂိုးနည်းပြ စသည့်တာဝန်များဖြင့် နည်းပြစုစုပေါင်း ၂၃ ဦး တက်ရောက်ခဲ့ပြီး MFFနည်းစနစ်ဒါရိုက်တာ မိတနှင့် နည်းစနစ်တာဝန်ရှိသူများက ဦးဆောင်ဆွေးနွေးမျှဝေခဲ့ကြသည်။

MFF အနေဖြင့် လေ့ကျင့်ရေးစင်တာများအား ဖွင့်လှစ်ကာ ဒေသအလိုက် အသက် ၁၄ နှစ်အောက် အမျိုးသမီး၊ အမျိုးသား လူငယ်အသင်းများ ဖွဲ့စည်းလေ့ကျင့်ပေးခြင်း၊ ပြိုင်ပွဲများ ကျင်းပခြင်း၊ ဘောလုံးနည်းစနစ်များဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်းတို့ကို ဒေသဆိုင်ရာ နည်းစနစ်ဒါရိုက်တာများ၏ ဦးဆောင်မှုဖြင့် ပြုလုပ်သွားမည်ဖြစ်သည်။ ယခုနှစ်တွင် အထက်ပါ ဒေသ (၆) ခုဖြင့် ကနဦး စတင်ဆောင်ရွက်မည်ဖြစ်ပြီး နောင်နှစ်များတွင် နိုင်ငံတစ်ဝန်း ဖွင့်လှစ်နိုင်ရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်။

ယနေ့ ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ နည်းစနစ်ဒါရိုက်တာ မိတနှင့် နည်းစနစ် တာဝန်ရှိသူများ၊ ဒေသဆိုင်ရာ နည်းစနစ်ဒါရိုက်တာများနှင့် နည်းပြများ တက်ရောက်ခဲ့ကြသည်။ လေ့ကျင့်ရေးစင်တာများ ဖွင့်လှစ်ဆောင်ရွက်ခြင်းနှင့် ဆက်စပ်သတင်းများအား ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ (NGB)